မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၃ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာရှင်အလှူရှင်တို့၏ အားသုံးအားပေါင်းစည်းမှု ပဲခူးတိုင်း၌ တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး တိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝလာတော့မည်

ရန်ကုန် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းတစ်ခုလုံး တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာပေဒါန အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက်ဇနာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး စာအုပ်စာပေ၊ စာပေဒါနအလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ တောင်ငူမြို့ပေါ်ရှိ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုထံ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၁၃ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေး ရေရှည်လုပ်ငန်းစဉ် (၅) ရပ်

- ❑ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး။
- ❑ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး။
- ❑ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး။
- ❑ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေး။
- ❑ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ မေလ ၁၃ ရက်)

နိုင်ငံဖွံ့ဖြိုးရေး အထောက်အကူပြု လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံးတွင် လမ်းနှင့်တံတားများကို အုံနှင့်ကျင်းနှင့် ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ယခုအခါ လမ်းနှင့်တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ပေးခဲ့သဖြင့် နိုင်ငံတော်၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေလျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်နိုင်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုထွန်းကားစေသည့်အပြင် ကုန်စည်ကူးသန်းရောင်းဝယ်မှု သွက်လက်မြန်ဆန်ကာ ဒေသအသီးသီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်နေရသည်။

မော်လိုက်–ကလေးဝလမ်းပေါ်ရှိ မန်ဖာလေးချောင်းတံတား၊ ဝါးနက်ချောင်းတံတား၊ လိပ်ပုတ်ချောင်းတံတား၊ လပော်ချောင်းတံတား၊ ကြိမ်ချောင်းတံတားနှင့် ရေအေးချောင်းတံတား ဖွင့်ပွဲအခမ်းအနားများကို မေလ ၃ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

မန်ဖာလေးချောင်းတံတားသည် အရှည် ၁၄၃ ပေရှိပြီး မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဝါးနက်ချောင်းတံတားသည် အရှည်ပေ ၁၀၀ ရှိပြီး နယ်မြေခံတပ်နယ်က တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။ လိပ်ပုတ်ချောင်းတံတားသည် အရှည် ၁၀၈ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရေအေးချောင်းတံတားသည် အရှည် ၇၅ ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

မော်လိုက်–ကလေးဝလမ်း မိုင်တိုင်အမှတ်(၃၃/၅)နှင့်(၃၃/၆) အကြားရှိ သံဖိုချောင်းတံတားသည် အရှည်ပေ ၁၅၀ရှိပြီး ဘေလီတံတား အမျိုးအစားဖြစ်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်လျက် ရှိသည်။

မိုင်တိုင်အမှတ် (၁၆/၇)နှင့် (၁၇/၀)အကြားရှိ သဖန်းချောင်းတံတားသည် အရှည်ပေ ၂၀၀ရှိပြီး ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်မည် ဖြစ်သည်။

မိုင်တိုင်အမှတ် (၁၆/၂)ရှိ ငမောင်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက် ရှိသည်။

တာဝန်ရှိသူများအနေဖြင့် မော်လိုက်–ကလေးဝလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် မိုးကာလမရောက်မီ အပြီးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကလေးဝမှ မော်လိုက်သို့ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမှ သွားပါက ကလေးဝ–ကျီကုန်း–စော်ဘွား ရေရှင်–မော်လိုက်ခရီးအတိုင်း အကွာအဝေး ၇၆မိုင် ၅ဖာလုံဖြစ်သည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းမှသွားပါက ကလေးဝ–သက္ကယ်ကျင်း–သနန်းတော–မော်လိုက်လမ်းကြောင်း အတိုင်းဖြစ်ပြီး အကွာအဝေး၇၇မိုင် ဖြစ်သည်။

ယခုဖောက်လုပ်သော ကလေးဝ–မော်လိုက်လမ်းသစ်မှာ ၃၆ မိုင်သာရှိသဖြင့် ခရီးအကွာအဝေးမိုင် ၄၀နှင့် ငါးဖာလုံ လျော့နည်းသက်သာသွားသောကြောင့် အချိန်ကုန်သက်သာ၍ လျင်မြန်လွယ်ကူစွာ သွားလာနိုင်မည် ဖြစ်သည်။

၎င်းလမ်း ဖောက်လုပ်ပြီးစီးသောကြောင့် မော်လိုက်နှင့် ကလေးဝမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၃၀ ရှိ အိမ်ခြေ ၂၁၆၃ လုံး၊ လူဦးရေ ၁၃၄၀၇ ဦးတို့သည် ယခင်က ရေလမ်းခရီးကိုသာ အသုံးပြုနေရာမှ ယခုအခါ မော်တော်ယာဉ်ဖြင့် အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုသည့် လမ်း၊တံတားများကို နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည့်အလျောက် ပြည်သူများကလည်း ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဆရာ၊ဆရာမများ မွမ်းမံသင်တန်းပို့ချမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်အတူ မေ ၆ ရက် နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သင်တန်းတက်ရောက်နေသော ဆရာ၊ဆရာမများ နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာ အထက်တန်းအဆင့် ဆရာ၊ ဆရာမများအား ဘာသာပြမွမ်းမံ သင်တန်းပို့ချပေးရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါမွမ်းမံသင်တန်းအတွက် ထောက်ပံ့ငွေ ကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဘာသာရပ်အလိုက် သင်ကြားပို့ချနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်လျက်ရှိ

အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းကို မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်အထိ သင်တန်းကာလပထမပိုင်း နှင့် ဧပြီ ၂၀ ရက်မှ မေ ၂၆ ရက်အထိ သင်တန်းကာလ ဒုတိယပိုင်းအဖြစ် သင်ကြားပို့ချလျက်ရှိပြီး မြို့နယ် ၁၀ မြို့နယ်မှ အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမ သင်တန်းသား သင်တန်းသူ ၂၈၈ဦး တက်ရောက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၀ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင် ပုသိမ်မြို့၌ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရုံးဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (လဝက)

သာသနာ့အာဇာနည်များနှင့် စာအောင်သံဃာများ ဂုဏ်ပြု ပူဇော်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်မှ ယခုနှစ်ကျင်းပသည့် တိပိဋကဓရ စာမေးပွဲတွင် အဘိဓမ္မာပိဋကကို အာဂုံဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ဝိသိဋ္ဌမူလ အာဘိဓမ္မိကဓရ ဘွဲ့ရရှိတော်မူသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတောဝိဘင်္ဂဓရ ဘွဲ့ရရှိတော်မူသော အရှင်နေမိန္ဒသာသနာ့ အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် ပဋ္ဌာနိကာယ သာသနာ့နုဂ္ဂဟအသင်း စာမေးပွဲကြီး၌ အောင်မြင်တော်မူကြသော သံဃာတော်တို့အား ဂုဏ်ပြု ပူဇော်ပွဲကို ယမန်နေ့ နံနက်၈နာရီက ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်းရှိအဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇော ဘာသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သာသနာ့ အာဇာနည်အရှင်မြတ် နှစ်ပါးတို့၏ ထေရုပ္ပတ္တိကိုပဋ္ဌာနိကာယ်သာသနာတော် ထွန်းကားရေးအသင်း အကျိုးတော်ဆောင်များဖြစ်ကြသည့်ဦးသန်းချစ်နှင့် ဦးခင်ညွန့်တို့ကဖတ်ကြားပူဇော်ကြသည်။

ထို့နောက် စာအောင်သံဃာတော်တို့အား ပဋ္ဌာနိကာယ်သာသနာတော် ထွန်းကားရေးအသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့်တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၃–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော်ဦးဃောသိတ တရားတော် **“အတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာ”**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မြန်မာ့ရှုခင်း
- ၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **“ကံကောင်းခြင်းလက်ဆောင်”** အကယ်ဒမီလွင်မိုး၊ အကယ်ဒမီ ထက်ထက်မိုးဦး
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆:၄၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း–၄၀)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ FA Cup (Final) ဘောလုံးပွဲ Liverpool Vs Westham United

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အသင်းဝင်များ စည်းရုံးသူများနှင့် တည်ဆောက်သူများဖြစ်ရန်လေ့ကျင့်ပျိုးထောင် မိမိကိုယ်ကို၊ မိမိရဲဘော်ရဲဘက်များနှင့် ပြည်သူကို ဟူ၍ စည်းရုံးမှုသုံးရပ်ဖြင့်ဆောင်ရွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင်စည်းရုံး ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် မီးလင်းရေး အလေးထားကြိုးပမ်း

ရန်ကုန် မေ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၁၁ရက် နံနက် ၁၀နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တောင်ငူခရိုင်နှင့် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ရပ်ကွက် အမှုဆောင်များနှင့် စည်းရုံးရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေး၊ လူမှုရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့အသင်းကြီးသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေသော အသင်းကြီးဖြစ်ကြောင်း၊ မိမိတို့သည် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေကြသည်ဖြစ်ရာ နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူရမှာဖြစ်ကြောင်း၊ မိမိတို့အသင်းကြီး၏ အဓိကအားမှာ စည်းရုံးရေးဖြစ်ကြောင်း၊ စည်းရုံးရေးဖြင့် အမျိုးသားအကျိုးစီးပွားကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် စည်းရုံးမှုဖြင့် အောင်မြင်နိုင်သကဲ့သို့ အောင်မြင်မှုဖြင့် စည်းရုံးနိုင်ကြောင်း၊ စည်းရုံးရာတွင် သဘောတရား၊ လက်တွေ့အကောင်အထည်ဖော်မှုနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုတို့ဖြင့် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စည်းရုံးမှုသုံးရပ်

မိမိတို့နိုင်ငံတွင် လူဦးရေ၅၄သန်းကျော်ရှိသည့်အနက် အသင်းကြီး၏ အသင်းဝင်အင်အား ၂၂သန်းကျော်ရှိရာ နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်း၊ အသင်းဝင်များအားလုံး အရေအတွက်မှသည် အရည်အချင်းပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အသင်းဝင်များသည် အချိန်တိုင်းတွင် စည်းရုံးသူများဖြစ်ရန်နှင့် တည်ဆောက်သူများဖြစ်ရန် လေ့ကျင့်ပျိုးထောင်နေကြရမည်ဖြစ်ကြောင်း၊ စည်းရုံးသူအနေဖြင့် မိမိကိုယ်ကို စည်းရုံးခြင်း၊ မိမိရဲဘော်ရဲဘက်များကို စည်းရုံးခြင်းနှင့် ပြည်သူကိုစည်းရုံးခြင်းဟူ၍ စည်းရုံးမှုသုံးရပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ တည်ဆောက်သူအနေဖြင့် မိမိကိုယ်ကိုတည်ဆောက်ခြင်း၊ မိမိရဲဘော်ရဲဘက်များကို တည်ဆောက်ပေးခြင်း၊ မိမိအသင်းကြီးကို တည်ဆောက်ခြင်းနှင့် နိုင်ငံတော်အား တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

ထို့အပြင် အသင်းဝင်များသည် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်၊ အသင်းကြီး၏အဓိဋ္ဌာန်၊ အသင်းဝင်များ လိုက်နာရန်ကျင့်ဝတ်များကို လိုက်နာဖော်ဆောင်ကြရန်အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အတူ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့် ကျေးလက်ဒေသ မီးလင်းရေးတို့ကိုလည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် အသင်းကြီး၏လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ အသင်းဝင်တစ်ဦးချင်းစီ၏ အရည်အသွေး မြင့်မားတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တားဆီးတိုက်ဖျက်

ဆက်လက်၍ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်(၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေကြရုံသာမက တစ်ဖက်ကလည်း အကြမ်းဖက်အဖျက်သမားများအား တားဆီးတိုက်ဖျက်ရေးတွင် ပါဝင်ထမ်းဆောင်နေကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်ရန်အတွက် အဓိကကျသည့် အချက်လေးရပ်ဖြစ်သည့် နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ အုပ်ချုပ်သူအစိုးရနှင့် အချုပ်အခြာအာဏာတို့နှင့် ပြည့်စုံနေရန်လိုအပ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင် လိုက်နာရမည့် အရေးသုံးပါးဖြစ်သကဲ့သို့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် အခွန့်ရှည်ကြာစွာ ရပ်တည်ရေးတွင်လည်း မရှိမဖြစ်လိုအပ်သည့် အချက်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းဝင်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလေးအနက်ထား

ပဲခူးတိုင်းသည် နိုင်ငံတော်၏ ဗဟိုချက်မ၌ တည်ရှိနေသည်ဖြစ်၍ အသင်းဝင်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းလုံခြုံရေးတို့ကို အလေးအနက်ထား ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အထက (၃) ပုသိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၂

အထက(၃) ပုသိမ် (ယခင် ABM, BBM) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ၂၁ရက် မွန်းလွဲ၂နာရီတွင် ပုသိမ်မြို့ အထက (၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆရာကြီး ဆရာမကြီးများနှင့် ကုသိုလ်ပါဝင်လိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀-၆၁၂၈၊ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဦးနိုဝယ်လင်း ဖုန်း-၀၉-၅၀၀-၃၇၀၉၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈၊ ဦးဝင်းချို (ယင်းမာဓာတ်ပုံတိုက်) ပုသိမ် ဖုန်း-၀၄၂-၂၂၆၇၉ နှင့် ဆရာမဒေါ်ခင်ငြိမ်းအေး ဖုန်း-၀၄၂-၂၁၁၆၄တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆)ရက်နေ့ နှင့် (၂၈-၅-၂၀၀၆) ရက်နေ့

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက်က ပြုလုပ်ရာ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်အုန်းရွှေယဉ်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းရန် ညောင်ရေအိုးများကို သယ်ဆောင်လာကြစဉ်။ (၀၂၅)

နိုင်ငံတကာ သတင်းများ

အာရှနှင့်ဥရောပတိုက်၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အာဆမ်အစည်းအဝေး တက်ရောက်သူများ တိုက်တွန်း

လစ္စဘွန်း မေ ၁၂

လစ္စဘွန်းမြို့၌ ကျင်းပနေသော ပထမအကြိမ် အာရှ–ဥရောပ အစည်းအဝေး (အာဆမ်)တက်ရောက်သူများက တိုက်ကြီးနှစ်တိုက်၏ ခရီးသွားစီးပွားရေးလုပ်ငန်းများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးတို့အတွက် ဆောင်ရွက်ရန် မေ ၈ရက်၌ တိုက်တွန်းဆော်ဩလိုက်သည်။

ခရီးသွား အာဏာပိုင်များနှင့် အာဆမ်အဖွဲ့ဝင် ခရီးသွားအေဂျင်စီများ၏ သဘောတူညီဆောင်ရွက်မှုဖြင့် ပြန်ကြားရေး သတင်းအချက်အလက်များ ပိုမိုဖြန့်ဝေပေးရေးနှင့် ခရီးသွားမြှင့်တင်ရေးအတွေ့အကြုံတို့ကို အမြင်ချင်းဖလှယ်မှု မြှင့်တင်လုပ်ဆောင်သင့်ကြောင်း ယင်းတို့က တိုက်တွန်းလိုက်သည်။

အာရှနှင့်ဥရောပ ခရီးသွားလုပ်ငန်းများအကြား ဆွေးနွေးမှုနှင့် အပြန်အလှန်နားလည်သဘောပေါက်မှုတို့သည် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ထိန်းထားခြင်းကဲ့သို့သော ခွန်အားကို ဖြစ်စေခဲ့ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

အကြီးဆုံး

တရုတ်နိုင်ငံ၏ ခရီးသွား လုပ်ငန်းသည် ၂၀၀၅ခုနှစ်က ကမ္ဘာ့ခရီးသွား အဆင့်အတန်း နံပါတ် (၇)သို့ လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း ထိုနှစ်က တရုတ်နိုင်ငံသားများ ပြည်ပသို့ သွားရောက်မှုမှာ ၃၁ ဒသမ ၀၂ သန်းရှိခဲ့ပြီး တရုတ်နိုင်ငံသည် အာရှ၏ အကြီးဆုံး ခရီးသွားဈေးကွက်လည်း ဖြစ်လာကြောင်း ကမ္ဘာ့ခရီးသွားအဖွဲ့ တရုတ်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ရှုကျန်မင်းက ပြောကြားသည်။

အာဆမ်ဖိုရမ်နှင့် ခရီးသွား ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြပွဲကို ရှန်ဒေါင်းပြည်နယ် ယန်တိုင်းဆိပ်ကမ်းမြို့၌ အောက်တိုဘာ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း အာရှ–ပစိဖိတ်နိုင်ငံတကာ ကုန်သွယ်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူးလီဝေက ပြောကြားသည်။

အာဆမ်ကို ၁၉၉၆ခုနှစ်က တည်ထောင်ခဲ့ပြီး အာရှနှင့် ဥရောပအကြား နိုင်ငံရေးနှင့် စီးပွားရေးအားကောင်းလာရန် ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရုရှားနိုင်ငံ၏ လူဦးရေ ကျဆင်းနေမှု သမ္မတဗလာဒီမာပူတင် စိုးရိမ်ပူပန်

မော်စကို မေ ၁၂

ရုရှားနိုင်ငံ၌ လူဦးရေကျဆင်းလာမှုသည် ယနေ့နိုင်ငံတွင် ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာပင်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

ရုရှားနိုင်ငံတွင် မွေးဖွားနှုန်း ကျဆင်းပြီး အသေအပျောက်များနေသဖြင့် စိုးရိမ်ပူပန်မိကြောင်း၊ တစ်နှစ်လျှင် လူ ၇၀၀၀၀၀ခန့် လျော့ကျလာကြောင်း သမ္မတပူတင်က ပြောကြားသည်။

ယင်းကဲ့သို့ လူဦးရေကျဆင်းလာသဖြင့် ကလေးများနှင့် အမျိုးသမီးများအား ပိုမိုကူညီရန်လည်း ၎င်းက ကတိပေးလိုက်သည်။

ရုရှားနိုင်ငံသည် အမေရိကန်နောက်မှ လိုက်နေရပြီး ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသည့် စစ်တပ်ကို ပိုမိုခိုင်မာအောင် ဖွဲ့စည်းရမည်ဖြစ်ကြောင်းလည်း မစ္စတာပူတင်က ပြောကြားလိုက်သည်။

အမေရိကန်၏ ကာကွယ်ရေး ဘတ်ဂျက်သည် ရုရှားနိုင်ငံထက် ၂၅ ဆနီးပါးရှိကြောင်းလည်း ၎င်းက ဖော်ပြလိုက်သည်။

နည်းပညာသစ်များ မြင့်မားလာချိန်တွင် ကမ္ဘာကြီး၌ လက်နက်ယှဉ်ပြိုင်မှုများ အဆုံးသတ်ရန်လည်း ၎င်းက သတိပေးလိုက်သည်။

ရုရှားနိုင်ငံသည် မွေးဖွားနှုန်း ကျဆင်းပြီး သေပျောက်မှုနှင့် ပြောင်းရွှေ့နေထိုင်မှုများကြောင့် လူဦးရေမှာ တစ်နှစ်လျှင် ၇၀၀၀၀၀ခန့် ကျဆင်းခဲ့သည်ဟု ဆိုသည်။

ရုရှားနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ ကျယ်ပြန့်လှသော်လည်း လူဦးရေမှာ ၁၄၃ သန်းမျှသာ ရှိသည်ဟုဆိုသည်။

(အင်တာနက်)

ရုရှားသမ္မတဗလာဒီမာပူတင်



ရုရှားနိုင်ငံ ဆက်ခါလင်းကျွန်းအနီးရှိ အိုခရော့ခ်မြစ်အတွင်း ရုရှားရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားသည်ကို မေ ၁၁ရက်က တွေ့ရစဉ်။ (Mi-14 အမည်ရှိ အဆိုပါရဟတ်ယာဉ်ပေါ်တွင် လူ ၁၃ဦး လိုက်ပါသွားရာ တစ်ဦး သေဆုံးသွားကြောင်း သိရသည်။) (ဓာတ်ပုံ–အင်တာနက်)

အီရန်ရေနံသန့်စင်စက်ရုံ အင်ဒိုနီးရှားတွင် တည်ဆောက်မည်

ဂျကာတာ မေ ၁၂

အင်ဒိုနီးရှားနိုင်ငံပိုင် ရေနံကုမ္ပဏီ မာတာမီနာနှင့် အီရန်ရေနံကုမ္ပဏီ (NIOC)တို့သည် တစ်နေ့လျှင် ရေနံစည်ပေါင်း၃၀၀၀၀၀ သန့်စင်ထုတ်လုပ်ပေးမည့် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန် ရေနံသန့်စင်စက်ရုံ တည်ဆောက်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အမှုဆောင်အရာရှိတစ်ဦးက မေ ၁၀ရက်၌ ပြောကြားသည်။

မိမိတို့သည် အကောင်းဆုံးနေရာအတွက် ရှာဖွေနေကြောင်း၊ ဖြစ်နိုင်လျှင် ဂျာဗားအရှေ့ပိုင်းကမ်းခြေ၌ တည်ရန်ဖြစ်နိုင်ခြေရှိကြောင်း ပါတာမီနာကုမ္ပဏီဥက္ကဋ္ဌက သတင်းထောက်များအား ပြောကြားသည်။

လက်မှတ်ရေးထိုး

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် အင်ဒိုနီးရှားသို့ လေးရက်ကြာခရီး ရောက်ရှိနေသော အီရန်သမ္မတ မာမွတ်အမာဒိန်ဂျက်တို့ တက်ရောက်သည့် သမ္မတနန်းတော်၌ အင်ဒိုနီးရှားနှင့် အီရန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အဆိုပါရေနံကုမ္ပဏီဥက္ကဋ္ဌက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားသည်။

အဆိုပါ ရေနံသန့်စင်စက်ရုံသည် အီရန်မှရေနံစိမ်းများကို သန့်စင်ထုတ်လုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ မီးရထားနှင့် ဘတ်စ်ကားများ စီးရာတွင် ရထားခ၊ ကားခအဖြစ် စမတ်ကတ် (smart card)ကို စတင်အသုံးပြုလျက်ရှိသည်။ (အောက်ပုံ)

(ယင်းစမတ်ကတ်နှင့်ကွန်ပျူတာကိုသုံးပြီး အလိုအလျောက် ကျသင့်ငွေများ ကောက်ယူသည့် စနစ်ဖြစ်သည်။)

(ဓာတ်ပုံ–အင်တာနက်)

မနီလာမြို့ မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် လူနေအိမ်ခြေ ၇၀ ကျော် ပျက်စီး

မနီလာ မေ ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ မြောက်ဘက် ကီလိုမီတာ၁၀၀ခန့်အကွာ ပန်ပန်ဂါပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မေ၁၀ရက်ညက တော်နေဒိုးလေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ အနည်းဆုံးအိမ်ခြေ၇၀ပျက်စီးသွားပြီး လူငယ်တစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသခံမီဒီယာက မေ၁၁ရက်တွင် ဖော်ပြသည်။

ဖော်ပြ

ဒေသခံအများစုမှာ ရုပ်မြင်သံကြားမှတစ်ဆင့် မုန်တိုင်းသတင်းကို နားစွင့်နေကြဆဲဖြစ်ကြောင်း အင်ကာရာသတင်းဌာနက ဖော်ပြသည်။

အသက်ခုနစ်နှစ်ရှိ လူငယ် ကလေးမှာလေနှင့်အတူ လွင့်လာသော သတ္တုပြားတစ်ခု ထိမှန်သဖြင့် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဒေသခံများက ၎င်းတို့၏ အိမ်များကို ပြန်လည်တည်ဆောက်နေကြပြီဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖိလစ်ပိုင်၌ တိုးတက်လာ

မနီလာ မေ ၁၂

ဖိလစ်ပိုင်နိုင်ငံ၏ အသားတင်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်)သည် လွန်ခဲ့သောနှစ်က အမေရိကန်ဒေါ်လာ ၂၅ သန်းရှိရာမှ ဖေဖော်ဝါရီလတွင် ဒေါ်လာ၈၂သန်းအထိ ရှိလာကြောင်း၊ ပထမနှစ်လအတွင်း စုစုပေါင်းအက်ဖ်ဒီအိုင်မှာ ဒေါ်လာ၃၄၄သန်းရှိကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်က မေ၁၀ရက်၌ ကြေညာသည်။

တိုးလာ

ဖေဖော်ဝါရီလကုန်တွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုသည် ယမန်နှစ်အလားတူ ကာလကထက် အမေရိကန်ဒေါ်လာ၂၈၂သန်းပိုကာ ၂၂ရာခိုင်နှုန်း တိုးလာကြောင်း ဗဟိုဘဏ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သေနတ်သမားများပစ်ခတ် ရိုးယားခေါင်းဆောင်တစ်ဦးသေဆုံး

တီကရစ် မေ ၁၂

အီရတ်နိုင်ငံမြောက်ပိုင်း ဒူဂျာယယ်လ်တွင် ဒေသခံရိုးယားဦးဆောင်အဖွဲ့ခေါင်းဆောင်တစ်ဦးကို အမည်မသိ သေနတ်သမားများက လုပ်ကြံသတ်ဖြတ်လိုက်ကြောင်း ဆာလာဟာဒင်ပြည်နယ်မှရရှိသော သတင်းအရ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ရိုးယားဦးဆောင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ အီဘရာဟင်အယ်လ်ခါရာဂျီသည် ဒူဂျာယယ်လ်မြို့ပြင်ရှိ လမ်းမကြီးတွင် မေ၉ရက်က ခရီးသွားနေစဉ် ကားနှစ်စီးအတွင်းမှ သေနတ်သမားများက ပစ်ခတ်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စုပေါင်းလက်ထပ်ပွဲ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ပင်ကျင်းမြို့နှင်းဆီဥယျာဉ်ကြီးတစ်ခု၌ မင်္ဂလာစုံတွဲပေါင်း ၂၀ တို့ စုပေါင်း၍ တပျော်တပါး လက်ထပ်မင်္ဂလာပွဲကျင်းပသည်ကို မေ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တက္ကဆက်တွင်မုန်တိုင်းဝင် လူသုံးဦးသေဆုံး၊ အိမ်များပျက်စီး

ဝါရှင်တန် မေ ၁၂

အမေရိကန်နိုင်ငံ တောင်ပိုင်းပြည်နယ် တက္ကဆက်တွင် မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ကြောင်း မီဒီယာများက မေ ၁၀ရက်တွင်ဖော်ပြသည်။

ကိုးလင်းဒေသရှိ ပျက်စီးနေသော အိမ်တစ်လုံးအတွင်း၌ ဇနီးမောင်နှံနှစ်ဦး သေဆုံးနေခဲ့ပြီး အနီးဝန်းကျင်ရှိ ဂရာဆင်ဒေသမှ အိမ်တစ်လုံးအတွင်း၌ ဆယ်ကျော်သက်ရွယ်တစ်ဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် အနည်းဆုံး အိမ်ခြေ ၂၆ လုံးပျက်စီးခဲ့ပြီး လူ ၁၀ဦးအား ဆေးရုံသို့တင်ပို့လိုက်ရကာ ဒဏ်ရာအနည်းငယ်ရရှိသူ အများအပြားကို ဆေးကုသပေးခဲ့ရသည်။

ထိုဒေသအနီးဝန်းကျင်ရှိအာကန်စက်ဒေသတွင်လည်း ဗုဒ္ဓဟူးနေ့အစောပိုင်းက ဝင်ရောက်တိုက်ခတ်သွားခဲ့သေးကြောင်း ဖော်ပြထားသည်။

ဇွန် ၁ရက်မှ နိုဝင်ဘာ ၃၀ရက်ကြာ၊ အတ္တလန်တစ် ဟာရီကိန်းရာသီတွင် မုန်တိုင်းလမ်းကြောင်း၌ရှိသော ဖလော်ရီဒါပြည်နယ်တွင် နေထိုင်ကြသူများသည် မုန်တိုင်းဒဏ်ခံရနိုင်သောကြောင့် ပြင်စဉ်ထားကြရန် အမေရိကန်ကျွမ်းကျင်ပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းနှိုးဆော်ခဲ့သည်။

လူ ၁၃၀၀ကျော်သေဆုံးခဲ့သည့် ပြီးခဲ့သောနှစ်က တိုက်ခတ်ခဲ့သည့် ကက်ထရီနာဟာရီကိန်းကဲ့သို့ သဘာဝဘေးအန္တရာယ်ထပ်မံမကျရောက်ဘူးလို့ ပြော၍မရကြောင်း ၎င်းပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

လေဖြတ်သူများအနက် အမျိုးသားများက အသက်ပိုငယ်

နယူးယောက် မေ ၁၂

လေဖြတ်ဝေဒနာခံစားရသူများအနက် အမျိုးသားများသည် အမျိုးသမီးများထက် အသက်အားဖြင့်ငယ်သည့်အချိန်တွင် ဖြစ်ပွားလေ့ရှိကြောင်း ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း ဆေးရုံ ၁၆၆ ရုံမှလေဖြတ်ဝေဒနာရှင် ၅၆၄၁၇ ဦးကို လေ့လာခဲ့ပြီးနောက် ဝါရှင်တန်တွင်ကျင်းပသည့် ပြုစုစောင့်ရှောက်မှု အရည်အသွေးနှင့် သုတေသနအကျိုးရလဒ်ဆိုင်ရာ အမေရိကန် နှလုံးဆိုင်ရာအသင်း၏ ခုနစ်ကြိမ်မြောက် သိပ္ပံပညာဆိုင်ရာ ဖိုရမ်တွင် ဒေါက်တာ အယ်လ်လန်အယ်လ်အင်ဒါဆန်က တင်ပြခဲ့သည်။

ဖြစ်ပွားတတ်

ပျမ်းမျှအားဖြင့် လေဖြတ်သူများ အနက် လေဖြတ်တတ်သည့် အချိန်မှာ အမျိုးသမီးများက ၇၃ နှစ်အရွယ် တွင် ဖြစ်ပွားတတ်ပြီး အမျိုးသားများကမူ ၆၇ နှစ်၌ ဖြစ်ပွားလေ့ရှိကြောင်း အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ မယ်ဒီကယ်လ်စီးတီးဒေါ်လပ်စ်ဆေးရုံမှ အင်ဒါဆန်က ပြောကြားသည်။

သေဆုံး

၎င်းပြင် အမျိုးသားများသည် လေဖြတ်ပြီးနောက် အဆုတ်ရောင်ရောဂါရရှိခြင်း သို့မဟုတ် သေဆုံးတတ်ခြင်း ဖြစ်တတ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ အသက်ရှင်လျက်ရှိလျှင်မူ အမျိုးသမီးများထက် အမျိုးသားများက ဆေးရုံမှ ဆင်းသက်ခွင့်ရလေ့ရှိကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

အမျိုးသားများ၏ လေဖြတ် ဝေဒနာရလဒ်မှာ အဘယ်ကြောင့် ယင်းသို့ ဆိုးရွားသည်ဆိုသည်ကိုမူ လေ့လာမှုတွင် မပါရှိကြောင်း ၎င်းက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

အကြမ်းဖက်မှုများချုပ်ငြိမ်းရေးကူညီရန် ပြည်သူများအား အီရတ်သမ္မတတိုက်တွန်း

ဘဂ္ဂဒက် မေ ၁၂

ဘဂ္ဂဒက်တွင် ပြီးခဲ့သောလက အကြမ်းဖက်မှုများကြောင့် လူပေါင်း ၁၀၉၁ ဦးသေဆုံးခဲ့ပြီးနောက် အကြမ်းဖက်မှုများ ရပ်တန့်ကူညီပေးရန် အီရတ်ပြည်သူများအား အီရတ်သမ္မတဂျာလာတာလာဘာနီက တိုက်တွန်းဆော်ဩလိုက်သည်။

သတင်းများကြားသိရ

နေ့စဉ်လို သတ်ဖြတ်နေသည့် သတင်းများကြားသိနေရ၍ ဒေါသထွက်မိကြောင်း မစ္စတာတာလာဘာနီက ပြောကြားသည်။

ပြောကြား

အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရသော နော်ရီမာလီကီအား ဝန်ကြီးချုပ်ခန့်အပ်ရန် ပြင်ဆင်ထားသည့် အခမ်းအနား၌ မစ္စတာတာလာဘာနီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလက ဆာမာရာရှိ ရှီးယားတို့၏ အဆောက်အအုံတစ်ခု၌ ဗုံးပေါက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကြီးထွားလာခဲ့သည်ဟု ၎င်းကဆိုသည်။

ရုပ်အလောင်းများတွေ့ရ

မြို့တော်ဘဂ္ဂဒက်တွင် နေ့စဉ်သေဆုံးသူများ၏ ရုပ်အလောင်းများကို တွေ့နေရကြောင်း၊ နောက်ဆုံးအဖြစ် မေ ၁၀ ရက်တွင် အလောင်း ၁၃ လောင်း တွေ့ခဲ့ကြောင်း အီရတ်သမ္မတကဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၌ နေ့စဉ်လိုတိုက်ခိုက်မှုများဖြစ်ပွားနေ၍ အကြမ်းဖက်မှုများ ချုပ်ငြိမ်းစေလိုပြီဖြစ်ကြောင်း၊ သွေးထွက်သံယိုဖြစ်ပွားမှုများ အဆုံးသတ်သင့်ပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ **(အင်တာနက်)**

အီရတ်သမ္မတ ဂျာလာတာလာဘာနီ

တတိယငါးနှစ်ဖွံ့ဖြိုးရေးစီမံကိန်း ကမ္ဘောဒီးယား၌ဆောင်ရွက်မည်

ဖနောင်ပင် မေ ၁၂

ကမ္ဘောဒီးယားနိုင်ငံ၏ တတိယဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းငါးနှစ် စီမံကိန်းကို ၂၀၀၆ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆောင်ရွက်ရန် အမျိုးသားညီလာခံက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာက မေ ၁၀ ရက်တွင် ရေးသားဖော်ပြသည်။

ယင်းငါးနှစ်စီမံကိန်းကို လွှတ်တော်အမတ်၉၅ဦးတွင်၈၇ဦးကဆောင်ရွက်ရန် ဆန္ဒမဲပေးမှုအရသဘော တူညီခဲ့ခြင်းဖြစ်ကြောင်းကမ္ဘောဒီးယားနေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

လျှော့ချရေး

ထိုစီမံကိန်းအရ အစိုးရက ကျေးလက်ဒေသများတွင် အများပိုင်နှင့် ပုဂ္ဂလိကပိုင်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ အငယ်စားစီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး၊ အလုပ်လက်မဲ့နှုန်းကို လေးရာခိုင်နှုန်းထက် မနည်းလျှော့ချပြီး ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၀ပြည့်နှစ်အရောက်တွင် ၂၄ ရာခိုင်နှုန်းအထိ လျှော့ချသွားရေးတို့ဖြစ်သည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၃ဒသမ၅ဘီလီယံသုံးစွဲမည်ဖြစ်ကြောင်း စီမံကိန်းဝန်ကြီး ချာပေးသန်းက ပြောကြားသည်။ စီမံကိန်းတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ရာနှုန်းပြည့်ကျောင်းအပ်နှံရေး၊ နှစ်စဉ် စပါးအထွက်တိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကလေးငယ်များ အသေအပျောက် နည်းပါးရေးတို့ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဟင်းသီးဟင်းရွက်အရုပ်ပွဲတော်

ဟင်းသီးဟင်းရွက် သစ်သီးများဖြင့် ပြုလုပ်ထားသော ခြင်္သေ့ရုပ်တစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

ဟောင်ကောင်တွင် မကြာမီကကျင်းပသည့် နိုင်ငံတကာဟင်းသီးဟင်းရွက် အရုပ်ပွဲတော်တစ်ခုတွင် အီတလီမှ ပညာရှင်ပေါလိုပါချီတီ ပြုလုပ်ထားသော အရုပ်မှ ရှောက်သီး၊ ပန်းသီး၊ ဆလတ်ရွက်၊ သခွားသီးစသည့် ဟင်းသီးဟင်းရွက်များဖြင့် ပြုလုပ်ထားသည့် ခြင်္သေ့ရုပ်မှာ လက်ရာအမြောက်ဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂရိရှေးဟောင်းရုပ်တု

ပင်လယ်အောက်မှ ရှာဖွေရရှိသော ဂရိရှေးဟောင်း ရုပ်တုတစ်ခုကို တွေ့ရစဉ်။ **(ဝဲပုံ)**

အေဂျန် ပင်လယ်အောက်မှ မကြာမီက တံငါသည်များ ရရှိခဲ့သော ရှေးဟောင်းရုပ်တုတစ်ခုသည်ယခင်က တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးသော ရုပ်တုအမျိုးအစားဖြစ်ကြောင်း သိရသည်။ ၎င်းရုပ်တုသည် အမြင့်သုံးပေရှိကာ မြင်းစီးရုပ်တုတစ်ခု၏ ပုံသဏ္ဌာန်ဖြစ်သည် ဟုဆိုသည်။ (အင်တာနက်)

ဆိုးဆိုးရွားရွား ဖြစ်ပေါ်နိုင်သည့် ရာသီဥတုမျိုးမရှိနိုင် မှတ်တမ်းများအရ မုန်တိုင်းထပ်မံဝင်ရောက်မှုနည်းပါး

❒ ကျောဖုံးမှ

ဖြစ်ပေါ်တတ်ကာ နေရာကွက်ပြီး မိုးကြီးခြင်း၊ မိုးသီးများကြွေခြင်း၊ မိုးသက်လေပြင်းနှင့် လေဆင်နှာမောင်းများ တိုက်ခတ်ခြင်းများလည်းဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မုတ်သုံအဝင်တွင် မုန်တိုင်းများဖြစ်ပေါ်နိုင်မှု ရှိ၊ မရှိမေးမြန်းရာ "မြန်မာနိုင်ငံရဲ့အနေအထားကိုကြည့်ရင် မိုးကြိုကာလဖြစ်တဲ့ ဧပြီနဲ့မေလများ၌ တစ်ကြိမ်ဝင်တတ်ပြီး၊ မိုးလွန်ကာလဖြစ်တဲ့ အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ တစ်ကြိမ်ဝင်တတ်ပါတယ်၊ အခုမကြာခင်က မာလာမုန်တိုင်းဝင်ရောက်ပြီးတဲ့အတွက် မိုးလွန်ကာလမှာ မုန်တိုင်းဝင်ဖို့ ယေဘုယျအားဖြင့် နည်းသွားပြီဖြစ်ပါတယ်" ဟု ပြောကြားသည်။ မုန်တိုင်းဝင်မှုသမိုင်းကိုကြည့်လျှင် မိုးကြိုကာလ၌ ၄၀ရာခိုင်နှုန်း၊ မိုးလွန်ကာလ၌ ၄၆ရာခိုင်နှုန်းရှိရာ ထိုမုန်တိုင်းများသည် မိုးကြိုတွင်ဝင်ပြီးပါက မိုးလွန်တွင်ဝင်ရောက်မှု နည်းသွားကြောင်းသိရသည်။ ထို့အပြင် မိုးကြို၊ မိုးလွန်များ၌ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများ၏ ခြောက်ရာခိုင်နှုန်းသာ ဝင်ရောက်တိုက်ခတ်တတ်လေ့ရှိကြောင်း ဦးထွန်းလွင်ကရှင်းပြသည်။

ပုံမှန်ဖြစ်နိုင်

မြန်မာတစ်နိုင်ငံလုံးတွင် ယခုနှစ် မိုးဦးကာလ၊ မိုးနှောင်းကာလများ၌ မိုးရွာသွန်းမှုနှင့်ပတ်သက်၍မေးမြန်းရာ "ဒီနှစ်မြန်မာနိုင်ငံမှာ မိုးရွာသွန်းမှု ပုံမှန် ဖြစ်နိုင်ပြီး အချို့ဒေသများ၌ ပုံမှန်ထက် အနည်းငယ်ပိုများနိုင်ကြောင်း၊ မိုးဦးကာလမှာ တစ်နိုင်ငံလုံးတွင် ရွာသွန်းမြဲအောက် အနည်းငယ်လျော့နိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့၌ ရွာသွန်းမြဲအောက်အနည်းငယ်လျော့နိုင်ကြောင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်း(တောင်)၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲမိုးရေချိန်အတိုင်း ပြည့်မီအောင် ရွာသွန်းမှာဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုမိုနိုင်ကြောင်း"ပြောကြားသည်။

မိုးလယ်ကာလ မိုးရွာသွန်းမှုအနေအထားကိုပြောကြားရာတွင် "မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးပိုရွာနိုင်ပြီး၊ ကျန်ဒေသများတွင် ရွာသွန်းမြဲအတိုင်းသာဖြစ်ကြောင်း၊ မိုးနှောင်းကာလတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်အနည်းငယ်လျော့နိုင်ပြီး စစ်ကိုင်းတိုင်းအထက်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်တို့တွင် မိုးပိုရွာသွန်းနိုင်ပြီး ကျန်ဒေသများ၌ ရွာသွန်းမြဲမိုးရေချိန်အတိုင်း ပုံမှန်ရွာသွန်းမည်ဖြစ်ကြောင်း"ဦးထွန်းလွင်က မြန်မာ့အလင်းသို့ရှင်းပြသည်။

ခန့်မှန်းချက်

ယခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ရာသီဥတုအနေအထားကိုမေးမြန်းရာ "ယေဘုယျခန့်မှန်းချက်အရတော့ မိုးပုံမှန်ရွာသွန်းပြီး ရာသီဥတုပုံမှန်ရှိမယ့် အနေအထားပါပဲ၊ ဆိုးဆိုးရွားရွားဖြစ်ပေါ်နိုင်တဲ့ ရာသီဥတုမျိုး မရှိနိုင်ဘူးလို့ ပြောလို့ရပါတယ်။ မုန်တိုင်းထပ်မံဝင်ရောက်မှုကတော့ မှတ်တမ်းတွေအရ ဖြစ်နိုင်မှုနည်းသွားပါပြီ"ဟု ပြောကြားသွားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ယခုနှစ် မိုးရာသီကာလသည် ပုံမှန်ရွာသွန်းပြီး ရာသီဥတုကောင်းမွန်ကာ မိုးနည်းလွန်းခြင်း၊ မိုးများလွန်းခြင်းများလည်းမရှိနိုင်သဖြင့် ရာသီဥတုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိနိုင်ပါကြောင်း သတင်းစကား ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ပရိယတ္တိသဒ္ဓမ္မာရုံကျောင်း တရားပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

ဗဟန်းမြို့နယ် ဆရာစံလမ်း ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်၌ စာသင်ဆောင်သစ်ပြန်လည် ဆောက်လုပ်ရေးအတွက် တရားပွဲများ ကျင်းပလျက်ရှိရာ မေ၁၃ရက်တွင် လှိုင်မေတ္တာဝါဒီဆရာတော်က ဟောကြားတော်မူပြီး ၁၄ရက်ညတွင် ပိဋကတစ်ပုံခွဲဆောင် ရွှေပြည်ဟိန်းဆရာတော်၊ ၁၅ရက်ညတွင် တောင်ဒဂုံ ခင်မကန်ဆရာတော် စစ်ကိုင်းအရှင်ခေမိန္ဒ၊ ၁၆ရက်ညတွင် ပြည်တွင်းပြည်ပ သာသနာပြု ဖြူးဆရာတော် အရှင်နရပတိ၊ ၁၇ရက်ညတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒအရှင်မြတ်တို့က တရားတော်များဟောကြားမည်ဖြစ်ရာ ကြွရောက်နာကြားနိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သန်လျင်မြို့နယ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ၂၅၅၀ပြည့်နှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားကို မေ ၁၁ရက် ကဆုန်လပြည့်နေ့ ညနေ ၅နာရီက သန်လျင်မြို့ သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ခုနစ်နေ့ ဘုရားရှိခိုးဖြင့် ဘုရားရှင်အား ပူဇော်ကန်တော့ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓဂုဏ်တော်ကိုးပါးအား ရွတ်ဖတ်ပူဇော်ပြီးနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရ၊ ဆရာမင်းယုဝေနှင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းတို့က ဗုဒ္ဓနေ့ ကျင်းပရခြင်းအား ရှင်းလင်းလျှောက်ထား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ်းလွန်ပင်လယ်ပြင် တိုင်းတာရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မေ ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တိုတယ် မြန်မာ့ရေနံကုမ္ပဏီတို့ ပူးပေါင်းလျက် GIAC (Geodynamics of India Asia Collision) ကို လေ့လာလျက်ရှိပြီး ဘူမိသိပ္ပံလေ့လာတိုင်းတာရေးသင်္ဘော RV Marion Dufresne ဖြင့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ တိုင်းတာလေ့လာမှုများကို ရခိုင်ကမ်းလွန်ပင်လယ်ပြင် တိုင်းတာရေး လုပ်ကွက်အမှတ်(၁)နှင့် မုတ္တမကမ်းလွန် ပင်လယ်ပြင် တိုင်းတာရေးလုပ်ကွက် အမှတ်(၂)တို့၌ မေ ၁၅ ရက်မှ၃၀ရက်ခန့်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာ တိုင်းတာလေ့လာမှုများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်(၁)တွင် Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၇မိနစ် ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၂မိနစ် ၂၆စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၇မိနစ် ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၇မိနစ် ၃၇စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၄၇မိနစ် ၁၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆မိနစ် ၁၆စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၅မိနစ် ၅၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၁၁မိနစ် ၂၉စက္ကန့်နှင့် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် (၂)တွင် Point-E မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၄မိနစ် ၃၆စက္ကန့်၊ Point-F မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၂မိနစ် ၂၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅မိနစ် ၃၂ စက္ကန့်၊ Point-G မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅မိနစ် ၃၂စက္ကန့်၊ Point-H မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၄မိနစ် ၃၆စက္ကန့်တို့ အတွင်း၌ဖြစ်သည်။

တိုင်းတာလေ့လာ

ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ တိုင်းတာလေ့လာမှုများကို ဘူမိသိပ္ပံလေ့လာရေးသင်္ဘော RV Marion Dufresneဖြင့် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၅-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော် မူအပ်သော ဉပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	နတ်သားတောရေလျှောင်တမံ
၈:၂၀	၈။	အဆိုပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
၁၂:၃၀	၆။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၄၀	၇။	လောကနီတိ(၃) **"အမေ့သား"** မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာ-ခင်ဇော်)
၁၃:၂၀	၈။	အကပြိုင်ပွဲ
၁၃:၃၅	၉။	ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀) ပြည့်ပွဲတော်
၁၃:၄၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၅၅	၁၁။	အရေးပြိုင်ပွဲ
၁၄:၀၀	၁၂။	**"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၁၀	၁၃။	ရခိုင်ချောင်းတံတား
၁၄:၂၀	၁၄။	တေးဂီတအစီအစဉ်
၁၄:၃၀	၁၅။	ဖွံ့ဖြိုးတိုးတက်ဝေဆာ တောင်နီစံပြကျေးရွာ
၁၄:၄၅	၁၆။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇:၁၅	၆။	နားဝင်ပီယံသူ့လက်သံ
၁၇:၂၀	၇။	အကပြိုင်ပွဲ
၁၇:၂၅	၈။	**"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီဇော်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၃၀	၉။	တေးဂီတအစီအစဉ်
၁၇:၄၀	၁၀။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၂၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	Discovery
၁၈:၅၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၁၃)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၄၃)

ရင်သားကင်ဆာသည် ခွဲစိတ်ကုသမှုသာ သက်သာပျောက်ကင်းနိုင်

ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီးများအား ၎င်းတို့၏ ကင်ဆာဖြစ်ပွားနေသော ရင်သားကို ခွဲစိတ်ဖယ်ရှားပြီး ကုသပါက ကင်ဆာရောဂါ သက်သာပျောက်ကင်းစေနိုင်ကြောင်း သက်သေပြနိုင်ရန် အင်္ဂလန်နိုင်ငံတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

ရင်သားကင်ဆာဟုပြောကြားနေသည့် အဖုအကျိတ်အားခွဲစိတ်ဖယ်ရှားပြီး ကျန်ရှိနေသော ကင်ဆာဆဲလ်များအား ရှာဖွေကုသမှုပေးနိုင်ခြင်းကို အင်္ဂလန်နိုင်ငံ ကာဒစ်တက္ကသိုလ်မှ ပါမောက္ခ ရိုဘတ်မင်ဆဲယ် ခေါင်းဆောင်သော သုတေသနပညာရှင်များက စမ်းသပ်ကုသမှုများပြုလုပ်လျက်ရှိသည်။

ရင်သားတွင် ဖြစ်ပေါ်နေသော အကျိတ်ကိုဖယ်ရှားပြီး တစ်နေ့လျှင် ဆေးကုသမှု ငါးကြိမ်ခန့် ပြုလုပ်လျှင် ကင်ဆာရောဂါသက်သာ လျော့ပါးသွားမှုကို တွေ့ရှိနေရပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ ကင်ဆာဆဲလ်များကို စနစ်တကျ စစ်ဆေးရှာဖွေကာ ကုသရာတွင် ဆေးထိုးခြင်း၊ လိုအပ်လျှင် ဓာတ်ရောင်ခြည်ပေးခြင်းများပါဝင်မည်ဖြစ်ပြီး ဓာတ်ရောင်ခြည်ပေးကုသမှုကို နောက်ဆုံးအဆင့်တွင်မှ ပြုလုပ်ကုသမည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ အင်္ဂလန်နိုင်ငံတွင် အဆိုပါကုသမှုဖြင့် ဆေးကုသခံယူမည့် အမျိုးသမီးနှစ်သောင်းခန့်ရှိမည်ဖြစ်ရာ ၎င်းတို့သည် ယခုကဲ့သို့ ဆေးကုသမှု၏ အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရင်သားကင်ဆာ ပင်မအကျိတ်ကို ခွဲစိတ်ဖယ်ရှားပြီး စနစ်တကျ ခွဲစိတ်ကုသမှုခံယူပါက အခြားအကျိတ်အဖုများကို ဆက်လက်ခွဲစိတ်ဖယ်ရှားစရာမလိုဘဲ ကင်ဆာရောဂါဖြစ်ပွားမှု သက်သာ လျော့ပါးသွားနိုင်ကြောင်းလည်း သုတေသနပြုချက်၌ ဖော်ပြထားသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

စမ်းချောင်းမြို့နယ် ကျောင်းကုန်းလမ်း အမှတ် ၃၈နေ ဦးအောင်တင်(၁၀)နှစ်မြောက်အားရည်စူး၍ ဇနီး ဒေါ်ငွေဟန်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ လှူဒါန်းငွေကျပ် နှစ်သိန်းနှစ်သောင်းငါးထောင်ကို လှူဒါန်းရာ သူနာပြုချုပ် ဒေါ်မြင့်မေက လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် ဗိုလ်တထောင်၌အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် မေ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၈)မှ သင်တန်းသားသင်တန်းသူ ၁၀၀တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။

(သတင်းစဉ်)

သီတဂူရေအလှူတော်တရားပွဲ

ရန်ကုန် မေ ၁၂

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် သာသနပါလ စနေအသင်းကကြီးမှူး၍ သီတဂူရေအလှူတော် နဝမအကြိမ် သီတဂူတရားပွဲကို မေ၁၆ရက်(အင်္ဂါနေ့)ည၇နာရီတွင် ကမ္ဘာအေးစေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ သီတဂူဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ (သဲကုန်း၊ သပိတ်အိုင်)ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D.Litt) က တရားတော်များ ဟောကြားမည် ဖြစ်သည်။

(က–ပ)

သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံစာသင်တိုက်မှ တိုက်အုပ်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏိတ မထေရ်မြတ်အား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် သာသနဟိတကာရီဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာ ဘိဝံသ၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)ဆရာတော်ဘဒ္ဒန္တသုဇာတသာရနှင့်ပင့်သံဃာတော် ၅၃ ပါးတို့ ကြွရောက်တော်မူကြသည်။

သီလခံယူ

ထို့နောက် နိုင်ငံတော် ဩဝါဒစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ မဟာထေရ်မြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဂုဏထောမနာဂါထာတော်များကို ဓမ္မကထိက ရွှေခြံဆရာတော် အရှင်ယာနိက အရှင်မြတ်က ဖတ်ကြားပူဇော်သည်။

ဟောကြားချီးမြှင့်

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) မဏိရတနာရာမမြတောင်တိုက် သာသနပါလ ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသက အနုမောဒနာ ဩဝါဒကထာ ဟောကြားချီးမြှင့်သည်။

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတအား လှူဒါန်းကြသော လှူဖွယ်များကို ပူဇော်ပွဲ ကျင်းပရေး ဥက္ကဋ္ဌ ဦးချစ်ဆောင်က ဆက်ကပ်ရာ ဘဏ္ဍာတော်ထိန်း ဦးအောင်ဆန်းဝင်းက လက်ခံသည်။

ပင့်သံဃာတော် ၅၃ ပါးတို့အား လှူဒါန်းမှု အစုစုတို့ကို လှူဒါန်းကြရာ မန္တလေးမြို့ ပေါက်မြိုင်တိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာဘိဝံသက ရေစက်ချတရားတော် ဟောကြားတော်မူပြီး အမျှပေးဝေကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားရေးလုပ်ဆောင်ချက်များ ဖော်ဆောင် ဝိုင်အမ်ဘီအေအသင်း ရာပြည့်အထိမ်းအမှတ်ပြခန်းခင်းကျင်းပြသ

ရန်ကုန် မေ ၁၂

ဝိုင်အမ်ဘီအေအသင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ခင်းကျင်းပြသခဲ့ပြီးနောက် ရန်ကုန်မြို့ ရေကျော်ရှိ ဝိုင်အမ်ဘီအေအသင်းအဆောက်အအုံ၌ ဆက်လက် ခင်းကျင်းပြသလျက်ရှိသည်။

ဝေဝေဆာဆာ

ဝိုင်အမ်ဘီအေအသင်း၏ သက်တမ်း နှစ်တစ်ရာအတွင်း အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာတို့၏ အကျိုးကို ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတင်စာအုပ်များ၊ သတင်းစာများ၊ ဝိုင်အမ်ဘီအေနှင့် ပတ်သက်သည့်ရုပ်ပုံ ရှားပါးဓာတ်ပုံများ၊ လက်ရှိအချိန်တွင် အမျိုးဘာသာ သာသနာနှင့် ပညာတို့နှင့် သက်ဆိုင်သည့် လုပ်ဆောင်ချက် မှတ်တမ်းတင် ဓာတ်ပုံများ စသည်တို့ဖြင့် ဝေဝေဆာဆာ ပြသထားသည်။

လုပ်ဆောင်ချက်

ဝိုင်အမ်ဘီအေအသင်း၏ လှုပ်ရှားမှုဆောင်ရွက်သတင်းများနှင့် ပတ်သက်ပြီး ဓာတ်ပုံနှင့်တကွ အမြဲတမ်းဖော်ပြပေးနေသော ရှေးခေတ် သူရိယသတင်းစာများကလည်း ထိုခေတ်ထိုအခါက ဝိုင်အမ်ဘီအေ၏ အမျိုးသားအကျိုးစီးပွားဆိုင်ရာ လုပ်ဆောင်ချက်များကို ဖော်ပြလျက်ရှိသည်။

တစ်ဖန် ဝိုင်အမ်ဘီအေ သီချင်းကို ရေးစပ်ခဲ့သူ ဝိုင်အမ်ဘီ ဆရာတင်၏ ဘဝမှတ်တမ်းအကျဉ်းနှင့် သူ၏ရုပ်ပုံကလည်းနာမည်ကျော် ဝိုင်အမ်ဘီအေ သီချင်းရေးစပ်သူ၏ ဘဝအကြောင်း

တစေ့တစောင်းနှင့် သူ့ရုပ်ပုံကို သတိရဖွယ် တွေ့မြင်ရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်ကအမျိုးသားရေးကို အားကြိုးမာန်တက် ထက်သန်စွာ ဆောင်ရွက်ခဲ့သည့် ဝိုင်အမ်ဘီအေ အကြောင်းဖော်ပြထားသည့် သတင်းစာများကလည်း လေ့လာကြည့်ရှုမှတ်သားဖွယ်ရာဖြစ်သည်။ ဝိုင်အမ်ဘီအေအသင်းကို ပထမဆုံးစတင်တည်ထောင်ခဲ့သော ဘကြီးဘဘေ(ဘီ၊အေ)၊ ဆာမောင်ကြီး(အမ်၊အေ) ဒေါက်တာဘရင်တို့၏ ခံ့ညားသော ဓာတ်ပုံကြီးများကိုလည်း ချိတ်ဆွဲပြသထားသည်။

ထို့အပြင် ဂျပန်နိုင်ငံ ကျူရှူးကျွန်း မိုဂျီမြို့တွင် ထီးတော်တင်လှူခဲ့သည့် ကမ္ဘာအေးစေတီထီးတော် ဓာတ်ပုံနှင့်သယ်ယူပို့ဆောင်ပုံသတင်းမှတ်တမ်းဓာတ်ပုံများလည်းပြသထားရာ ဝိုင်အမ်ဘီအေ၏ ပြည်ပ၌ သာသနာပြုမှုမှတ်တမ်းကို ဖော်ပြနေသည်။

ပြသ

တစ်ဖန် ဝိုင်အမ်ဘီအေအသင်းက ကြီးမှူးပြုလုပ်သည့် မင်္ဂလာသင်တန်းများ၏ မှတ်တမ်းတင် ဓာတ်ပုံများကလည်း လက်ရှိအချိန်၌ ဘာသာ သာသနာရေးအတွက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေမှုကို ပြသနေသည်။

ဝိုင်အမ်ဘီအေ အသင်းကြီး၏ ဖြတ်သန်းခဲ့ရသော နှစ်တစ်ရာအတွင်း လက်လှမ်းမီသမျှ အတတ်နိုင်ဆုံး ဖော်ပြပေးထားသည့် ဝိုင်အမ်ဘီအေ နှစ်(၁၀၀)ပြည့် ပြခန်းကား လာရောက်လေ့လာကြည့်ရှုသူများကို မှတ်သားဖွယ်ရာ ဗဟုသုတများကို ပေးစွမ်းလျက်ရှိပါကြောင်း သတင်းမှတ်တမ်းဖော်ပြအပ်ပါသည်။ **(မြန်မာ့အလင်း)**



ဝိုင်အမ်ဘီအေအသင်း လှုပ်ရှားမှု မှန်သမျှကို ဖော်ပြပေးခဲ့သည့် သူရိယသတင်းစာ။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

နှစ်ပေါင်း တစ်ရာအတွင်း ဝိုင်အမ်ဘီအေအသင်း၏ ဆောင်ရွက်ခဲ့မှုသတင်းများပါ ရှေးခေတ်သတင်းစာများ။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဝိုင်အမ်ဘီအေ သီချင်း ရေးစပ်သူ ဝိုင်အမ်ဘီ ဆရာတင် ရုပ်ပုံပါ ဘဝမှတ်တမ်းအကျဉ်း ပြကွက်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လှိုင်မြစ်ကျော်(ထန်းတပင်)၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းဆောင်ရွက်ချိန် ရေကြောင်းလမ်းခေတ္တပိတ်မည်

ရန်ကုန် မေ ၁၂

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မှော်ဘီမြို့နယ် ရွှေလှေကြီး ဘက်ကမ်းနှင့် ထန်းတပင်မြို့နယ် ထန်းတပင်ဘက်ကမ်းအကြား လှိုင်မြစ်ပေါ်၌ လှိုင်မြစ်ကျော်(ထန်းတပင်) (၂၃၀) ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မေ ၈ ရက်မှ မေ ၁၂ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ညနေ ၆ နာရီအထိ ရေကြောင်းလမ်း ခေတ္တပိတ်ထားခဲ့သည်။

ဆက်လက်ဆောင်ရွက်မည်

ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရာသီဥတု အခြေအနေအရ လေမိုးသည်းထန်မှုများကြောင့် လုပ်ငန်းများနှောင့်နှေးကြန့်ကြာခဲ့ရပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မရှိသဖြင့် လှိုင်မြစ်ကျော် (ထန်းတပင်) (၂၃၀)ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို မေ ၁၃ရက်မှ မေ ၁၅ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခေတ္တပိတ်မည်

ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက်မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှစောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များ မဖြတ်သန်းရန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါ ရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များ၊ သစ်ဖောင်များသည် လုပ်ငန်းခွင်မှ ကင်းလွတ်ရာရေကြောင်း၌ ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထပ်မံထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အလိမ္မာစာမှာရှိ စကားနှင့်အညီ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး စာကြည့်တိုက်များဖွင့်ပေးနေ ပြည်သူများ ပညာပြည့်ဝ နှလုံးလှအောင် စာကြည့်တိုက်လုပ်ငန်းများ စေတနာရှေ့ထားပြီးဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ပြီးစီးခြင်းနှင့် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

အစွမ်းကုန်ထွန်းကား

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသူနိုင်ငံသားအားလုံး အသိပညာနှင့် အတတ်ပညာ နယ်ပယ်နှစ်ရပ်လုံးတွင် ကျွမ်းကျင်တတ်မြောက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ကျွမ်းကျင်တတ်မြောက်စေရန် အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်ဖြစ်ရန် လိုအပ်ကြောင်း၊ ယနေ့ ၂၁ ရာစုကာလသည် ပညာထွန်းကားသည့် ကာလဖြစ်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများအစွမ်းကုန်ထွန်းကားလာနေကြောင်း၊ ထို့ကြောင့် ယနေ့ ခေတ်လူသားတိုင်း မွေးသည်မှ သေသည်အထိ ဘဝ၏အဆင့် အသီးသီးတွင် သင်ယူလေ့လာမှုများပြုလုပ်သွားကြရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင်လည်း အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရှင်များက စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်ခြင်းသည် ထောင်တံခါးတစ်ချပ် ပိတ်လိုက်ခြင်းဖြစ်သည်ဟု မိန့်ဆိုခဲ့ကြကြောင်း၊ ယခုအခါ ပဲခူးတိုင်းအတွင်း၌ရှိသည့် ကျေးရွာအားလုံးတွင် စာကြည့်တိုက်များဖွင့်လှစ် နိုင်ခြင်းသည် ထောင်တံခါးအချပ်ပေါင်းများစွာ ပိတ်လိုက်ခြင်းဖြစ်သည်ဟု ဂုဏ်ယူစွာ ပြောကြားလိုကြောင်း။

စဉ်ဆက်မပြတ်

စာကြည့်တိုက်များတွင် စာအုပ်စာပေများ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုနိုင်ရေးအတွက် အမြော်အမြင်ရှိပြီး စေတနာပြည့်ဝသည့် နိုင်ငံကို တိုးတက်စေလိုသူများက စာအုပ်စာပေများ များပြားပြည့်စုံလာစေရန်၊ အဆောက်အအုံများ တည်တံ့တိုးတက်လာစေရန် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ထပ်မံတိုက်တွန်း နှိုးဆော်အပ်ပါကြောင်း။

“အလိမ္မာစာမှာရှိသည်” ဟူသော စကားနှင့်အညီ နိုင်ငံတော်တစ်ခုလုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ပေးနေခြင်းဖြစ်၍ ပြည်သူများ ပညာပြည့်ဝ နှလုံးလှစေရန် တာဝန်ရှိသူအားလုံးက စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် စေတနာရှေ့ထားပြီး ဆောင်ရွက်ကြပါ၊ စာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြန့်ပွားအောင် ဆောင်ရွက်ပေးကြပါ၊ စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စာအုပ်စာစောင်များ၊ ပရိဘောဂများ၊ စာကြည့်တိုက် အဆောက်အအုံများ ယခုထက်ပိုမို တိုးတက်လာစေရန် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားသွားသည်။

အထူးကျေးဇူးတင်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက်လည်းကောင်း၊ ပဲခူးတိုင်းအတွက်လည်းကောင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက်လည်းကောင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ထိုကဲ့သို့ တိုင်းလုံးကျွတ်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပဲခူးတိုင်းမှ စေတနာရှင် အလှူရှင်များကိုလည်း ကျေးလက်ပြည်သူများကိုယ်စား မိမိတို့ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age)ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်နေကြရကြောင်း၊ နောင်အနာဂတ်တွင်လည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာဖြင့် အရာရာကို စေစားနိုင်သည့် အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းမလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်လှမ်းတမီသင်ယူနိုင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယနေ့လူငယ်လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တစ်ဖက်ကလည်း အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း အခြားတစ်ဖက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ၇၀ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများမှာ အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် စီမံချက်ချမှတ် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ခုနှစ် ဧပြီ ၁၈ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၃၅၅၄ရွာတွင် ကျေးရွာကိုယ့် အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် ကျေးရွာပေါင်း ၆၆၀၂ ရွာရှိသည့်အနက် ကျေးရွာတိုင်းအားလုံး စာကြည့်တိုက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မှာဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

အားသုံးအား

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံ ပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်တို့၏ အားသုံးအား ပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ စေတနာရှင် အလှူရှင်များ၏ အားမှာ အရေးပါလှပါကြောင်း၊ မိမိတို့ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၃)ကြိမ် ကျင်းပခဲ့ရာ အလှူရှင်များထံမှ စာအုပ်စာစောင်ပေါင်း သိန်း ၂၀ ကျော်၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ၁၂၂၀၊ ငွေသားကျပ် ၇၁၃သိန်းကျော် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၅၃ သိန်းကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင်လည်း အလှူရှင်ပြည်သူများက ငွေပဒေသာပင်ကျပ် ၁၂၄သိန်းခွဲ အပါအဝင် စာအုပ် စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်နှင့် ပရိဘောဂများ တန်ဖိုးစုစုပေါင်း ငွေကျပ် ၅၇၈၉၉၀၀၀ ကို လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းလိုက်သော စာအုပ်စာစောင်များနှင့် ပစ္စည်းများကို ပဲခူးတိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

အောင်မြင်မှုများ

ထိုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ အားသုံးအားကြောင့်ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ၎င်းအားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ထူထောင်ပြီးသား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင် အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

အားလေးအား

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာအာဏာပိုင်များ၊ စာကြည့်တိုက်ကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများဟူသော **‘အားလေးအား’**ဖြင့် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကိုကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ တောင်ငူခရိုင်အတွင်းရှိ အလှူရှင်များ၏ လှူဒါန်း ငွေကျပ်၁၄သိန်းနှင့် ပဲခူးခရိုင်အတွင်း ရှိ အလှူရှင်များနှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ်၃၁သိန်းငါးသောင်းကို လည်းကောင်း၊ ပြည်ခရိုင်အတွင်းရှိ အလှူရှင်များနှင့်ပြည်သူများ၏ လှူဒါန်းငွေကျပ်၁၄သိန်းနှင့် သာယာဝတီခရိုင်အတွင်းရှိ အလှူရှင်များနှင့် ပြည်သူများကလှူဒါန်းသည့် ငွေကျပ် ၃၂သိန်းကိုလည်းကောင်း လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

■ **ကျောဖုံးမှ**

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး လူမှုထူးချွန်ဆုရရှိသူများအား တိုင်းမှူးနှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်တစ်သိန်း၊ မန္တလေးခရိုင် ခုနစ်မြို့နယ်က ငွေကျပ် ၆၇၀၀၀၀၊ ဦးစိုးဝင်းအောင် စိန်ပွင့်အင်တာပရိုက် ကုမ္ပဏီလီမိတက်က ငွေကျပ်နှစ်သိန်း၊ ချမ်းအေးသာစံမြို့နယ်မှ ဦးသန်းထွေး၊ ဦးအောင်ဝင်း–ဒေါက်တာကြည်ကြည်ဝင်း မိသားစု၊ ဦးသိန်းတန်၊ ရွှေပြည်သာရွှေထုတ်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင် အသီးသီးတို့က စုစုပေါင်းအလှူ ငွေကျပ် ၁၆သိန်းကို ပေးအပ်လှူဒါန်းကြရာတိုင်းကြက်ခြေနီတပ်ဖွဲ့မှူးကြီး ရဲမှူးကြီးအောင်ထွဋ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပြုပေးအပ်

ဆက်လက်၍ ရာသက်ပန်အသင်းဝင် ဆန္ဒပြုလွှာများအဖြစ် တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဆန္ဒပြုလွှာအစောင်၅၀၊ တိုင်းပညာရေးမှူးရုံးမှ ဆန္ဒပြုလွှာအစောင်၅၀၊ တိုင်းမီးသတ်ဦးစီးဌာနမှ ဆန္ဒပြုလွှာအစောင်၅၀ တို့ကို ပေးအပ်ရာ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့တို့က လှူဒါန်းသည့် ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်သုံးသိန်း၊ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန် ပဲခူးမြို့ ဥသာကျော်ကုမ္ပဏီမှ ဦးခင်သောင်းလှူဒါန်းသည့် ငွေကျပ်၁၅သိန်း၊ ရွှေခရားအချိုရည်လုပ်ငန်းမှ ဦးအောင်ကြည်လှူဒါန်းသည့် ငွေကျပ်၁၈သိန်း၊ ဇီးကုန်းမြို့ ရွှေမေတ္တာဆန်စက်မှ ဒေါ်မြင့်မြင့်သောင်း လှူဒါန်းသည့် ငွေကျပ်တစ်သိန်းတို့ကိုလည်းကောင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံသို့ ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းထားသည့် ရုပ်မြင်သံကြားစက်များ၊ ရေဒီယိုများနှင့် ဘက္ထရီအိုးများကို တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက အသီးသီးပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းကကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းထားသော ပရိဘောဂများနှင့် စာအုပ်စာစောင်များကိုလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ဖွင့်လှစ်ရာတွင် ပထမဆုရ ပဲခူးမြို့နယ်၊ ဒုတိယဆုရ တောင်ငူမြို့နယ်၊ တတိယဆုရသာယာဝတီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပဲခူးတိုင်း (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန့်ဇင်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိန်တိုးတို့က တိုင်းလုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံကို ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များသည် အလှူရှင်များလှူဒါန်းထားသည့် စာအုပ်စာစောင်များ၊ ပစ္စည်းများနှင့် ပဲခူးတိုင်းအတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပဲခူးတိုင်း တိုင်းလုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်အသီးသီးတို့က ရုပ်မြင်သံကြားစက် ၂၃၇ လုံး၊ ရေဒီယို ၆၁၅ လုံး၊ ဘက္ထရီ၄၄၂ လုံး၊ အဆောက်အအုံတန်ဖိုး ကျပ် ၆၃ သိန်း၊ တန်ဖိုးငွေကျပ် ၅၅၉၀၀၀၀ ရှိ စာအုပ်စာစောင် ၁၃၁၁၀ နှင့် ငွေသားကျပ် ၁၂၄ သိန်း ငါးသောင်းအပါအဝင် စုစုပေါင်း ငွေကျပ် ၅၇၈၉၉၀၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီနှင့်ဆောင်းပါးပြိုင်ပွဲကျင်းပ ကျေးရွာစာကြည့်တိုက်များသို့ ငွေပဒေသာပင်နှင့်စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မေ ၁၂

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (နဝမ)အကြိမ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲကို မေ၉ရက် နံနက်၁၀နာရီက မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် သတ်မှတ်ပြိုင်ပွဲအမျိုးအစားအလိုက် ကျောင်းသားကျောင်းသူ ၇၂ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

လက်ခံ

ထို့နောက် ပြိုင်ပွဲကျင်းပရာခန်းမ၌ မြစ်ကြီးနားကွန်ပျူတာကောလိပ်အတွက် လိုအပ်သည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများဝယ်ယူနိုင်ရန် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ငွေကျပ်ငါးသိန်းကို ပေးအပ် လှူဒါန်းရာ

ကွန်ပျူတာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနှင်းမင်းဦးက လက်ခံသည်။

စာအုပ်လှူဒါန်းပွဲတက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာသို့ သွားရောက် အားပေးကာ ခတ်ချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘဝပီတိစာကြည့်တိုက် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အဆိုပါ ခတ်ချိုကျေးရွာ ဘဝပီတိစာကြည့်တိုက်သို့ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ယင်းစာကြည့်တိုက်၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က အမှာစကားများ ပြောကြားကြပြီး ခတ်ချိုကျေးရွာ ဘဝပီတိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ငွေကျပ်ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ (ဝိုင်းမော်မြို့)က ငွေကျပ်တစ်သိန်း၊ ဝိုင်းမော်မော်တော်ယာဉ်အသင်းများက ငွေကျပ် ၁၅၀၀၀၀၊ ခေတ်မျက်ဝန်းကုမ္ပဏီ၊ ခတ်ချိုကျေးရွာ ဆန်စက်လုပ်ငန်းရှင်များ၊စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် ဆန်စက်လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းစီ၊ ခတ်ချိုကျေးရွာဥက္ကဋ္ဌက ငွေကျပ်နှစ်သောင်း၊ နယ်မြေခံတပ်ရင်း တပ်ရင်းမှူးက ငွေကျပ်နှစ်သောင်းနှစ်ထောင်၊ ဦးစန်းလင်း၊ ဦးစိုင်းထွန်းညွှန့်၊ ဦးသန်းမှန်နှင့် ဦးညွှန့်လှိုင်တို့ကငွေကျပ်နှစ်သောင်းစီ၊ ဝိုင်းမော်မြို့ စည်ပင်သာယာရေးအဖွဲ့၊ ခတ်ချိုကျေးရွာမှ ဦးအိုက်စံ၊ ဦးအောင်ထွန်း၊ ခတ်ချိုကုန်စုံဆိုင်၊ ဦးသန်းဌေးနှင့် ဦးရာပက်တီး၊ ဦးမောင်ထွေးနှင့် ဦးဝင်းဦး၊ ဦးငပေါနှင့် ဦးလောဝမ်း၊ ဦးအိုက်ရှင်နှင့် ဦးမြအောင်၊ ဒေါ်ရင်နွဲ့ ဗီဒီယိုပြသရေးတို့က ငွေကျပ်တစ်သောင်းစီကို အသီးသီးပေးအပ်လှူဒါန်းကြရာ ခတ်ချိုကျေးရွာ ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်အတွက် ယင်းနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃သိန်း ခြောက်သောင်းနှစ်ထောင်ဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်ပေးအပ်လှူဒါန်းပွဲသို့ ဆက်လက် တက်ရောက်ကြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က စာအုပ်လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သုတရသစာအုပ်မျိုးစုံ၃၀၀နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကျေးရွာစာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကချင်အထူးဒေသ(၂) နှင့် ဂျိတ်လင်း၌ မြန်မာကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိသည့် (မြစ်ကြီးနား၊ဗန်းမော်) ကားလမ်း ဝိုင်းမော်မြို့နယ် လမ်းပိုင်းအဆင့်မြှင့်ဖောက်လုပ်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍**(အပေါ်ပုံ)**လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး လမ်းဖောက်လုပ်ရေးအဖွဲ့များကို တိုင်းမှူးက ငွေကျပ်သုံးသိန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ငွေကျပ်သုံးသိန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ကြီးတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ညောင်ရေသွန်းပွဲတော်ကျင်းပရာ ၁၄ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ ဗောဓိညောင်ပင်တွင် ရေသွန်းလောင်းလှူစဉ်။ (၂၅၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၅–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၄၀	စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ် (အုန်းစိမ်းနကျောက်ကျော)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးခြင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Tiger Live Show)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အသည်းရောင်အသားဝါ(စီ) ပိုးကိုဘယ်လိုကုကြမလဲ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (မောင်မောင်လှမြင့်)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	မေတ္တာကိုအခြေပြု နယ်လှည့်လို့ ကုတဲ့ယာဉ် (ဒါးကခရီးစဉ်)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်း သိကောင်းစရာ (ဒုတိယပိုင်း)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း–၂)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၈း၁၀	FA Cup ပွဲကြိုသုံးသပ်ချက် (နေအောင်သန့်၊ ထွန်းနေစိုး)	5-Sports
၈း၃၀	Liverpool-West Ham	5-Sports(Live)

မေ၁၁ရက်က ဒဂုံမြို့သစ်မြောက်ပိုင်း (၃၈)ရပ်ကွက် သာသနပါလ ဓမ္မာရုံ၌ (၁၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲနှင့် (၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဓမ္မာရုံဥက္ကဋ္ဌ ဦးအုန်းကျော်တို့က အဘိုးအဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် မေ ၁၂

မေ၁၁ရက် မြန်မာစံတော်ချိန် ၂၃နာရီ ၅၂မိနစ် ၅၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက် ယွန်းယွန်း ၄၆၅မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့အနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး၅ဒသမ၄အဆင့်ရှိအင်အားအသင့်အတင့်ရှိသည့် မြေငလျင် တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

သီပေါမြို့နယ်တွင် မီးလောင်မှု ဖယောင်းတိုင်မီးမှ ထရံကူး

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရပ်စုရပ်ကွက် နယ်မြေ(၁၀)နေ ဦးရှိပန်း၏ နေအိမ်၌ မေ၁၁ရက် နံနက်၄း၅၀နာရီခန့်တွင် ဖယောင်းတိုင်မီးမှ ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းသည့် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ **ကျောဖုံးမှ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

ညောင်ရွှေမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ မေ၆ရက်တွင် ပေးပို့ခဲ့သည့် နုတ်ထွက်လွှာ၌ ၎င်းတို့သည် ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့ပြီး ပါတီနိုင်ငံရေးကို ရိုးသားသန့်ရှင်းစွာဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီသည် အမျိုးသားညီလာခံတွင် ပြည်သူလူထု၏ ဆန္ဒကိုလျစ်လျူရှုပြီး ၎င်းတို့ထိပ်ပိုင်းလူနည်းစုအချို့၏သဘောဖြင့်သာ ညီလာခံမှ ကျောခိုင်းထွက်ခွာခဲ့ခြင်း၊ နိုင်ငံတော်အစိုးရနှင့်ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံရေးလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနေခြင်း၊ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် NLD (ဗဟို)မှ ညွှန်ကြားမှုလုံးဝမရှိခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိဘဲ ပါတီလုပ်ငန်းအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များအဖြစ်မှလည်းကောင်း၊ ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အလုပ်အမှုဆောင်များအဖြစ်မှလည်းကောင်း အပြီးအပိုင်နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

သွေးတိုးရောဂါ သတိပြုကာကွယ်ပါ

ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း

ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဟာ ၁၉၈၄ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ်ကြီးက သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး သတ်မှတ်ထားတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ သွေးတိုးရောဂါဟာ လက်ရှိအခြေနေမှာ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်စေတဲ့ အဓိကနဲ့အရေးကြီးဆုံး အကြောင်းရင်းရောဂါ ဖြစ်နေပါတယ်။ ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ သွေးတိုးရောဂါနဲ့သွေးတိုးရောဂါရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို အများပြည်သူတို့ သိရှိရန် ကျန်းမာရေး အသိပညာဖြန့်ဖြူးပြီး သွေးတိုးရောဂါကို ကာကွယ်၊ ဖော်ထုတ်၊ ကုသနိုင်ရန် ဖြစ်ပါတယ်။

ခန့်မှန်းခြေအားဖြင့် ကမ္ဘာပေါ်မှာ အရွယ်ရောက်ပြီးသူများရဲ့ လေးပုံတစ်ပုံခန့်ဖြစ်တဲ့ လူသန်းပေါင်း ၁၅၀၀ခန့်ဟာ သွေးတိုးရောဂါဝေဒနာရှင်များ ဖြစ်ကြပါတယ်။ အဲဒီ လူတွေထဲက တစ်ဝက်လောက်ကသာ သူတို့မှာ သွေးတိုးရောဂါရှိမှန်း သိကြပြီး အဲဒီသွေးတိုးရောဂါရှိတဲ့သူတွေရဲ့ တစ်ဝက်လောက်ကသာ သွေးပေါင်ချိန်ကို ကောင်းစွာထိန်းနိုင်ကြတာကို တွေ့ရပါတယ်။ အသက်၅၀ကျော်တဲ့ လူတွေရဲ့ တစ်ဝက်ခန့်မှာ သွေးပေါင်ချိန်တက် နေကြပါတယ်။ မြန်မာပြည်မှာ နိုင်ငံတစ်ဝန်းပြုလုပ်ခဲ့တဲ့ စစ်တမ်း များအရ သွေးတိုးရောဂါဖြစ်ပွားနှုန်းဟာ ၂၀ရာခိုင်နှုန်းခန့်ရှိပြီး လူတန်းစား အလွှာအားလုံးမှာ ကျား၊မ မရွေး ဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ ကျေးလက်နဲ့ မြို့ပြများမှာ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း ကွာခြားမှုမရှိပါ။

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို တစ်ကမ္ဘာလုံးမှာ တစ်နှစ်တစ်ကြိမ် ကျင်းပပါတယ်။ ယခုနှစ်မှာတော့ ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဟာ မေလ၁၃ ရက်နေ့ (စနေနေ့)မှာ ကျရောက်ပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါတယ်။ ယခု ၂၀၀၆ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အတွက် ရွေးချယ်ထားတဲ့ဆောင်ပုဒ်ကတော့ "သွေးတိုးရောဂါဝေဒနာရှင်များကို ဖော်ထုတ်၍ ထိရောက်အောင် ကုသရေး"ပဲ ဖြစ်ပါတယ်။

သွေးတိုးရောဂါကို ကုသမှုမပြုခဲ့ရင် "ပစ်မှတ်ကိုယ်တွင်းအင်္ဂါများ"ကို ထိခိုက်မှုဖြစ်စေနိုင်ပြီး လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ အရေးကြီးဆုံး အချက်ကတော့ ရောဂါလက္ခဏာများမရှိဘဲ ရုတ်တရက်သေဆုံးစေနိုင်တဲ့ အတွက် သွေးတိုးရောဂါကို "အသံတိတ် လူသတ်သမား"လို့တောင် ကင်ပွန်းတပ်ကြပါတယ်။ သွေးတိုးရောဂါဟာ အကြောင်းရင်း တိကျသေချာစွာမရှိဘဲ ဖြစ်နိုင်သလို အခြားအကြောင်းတွေကြောင့်လဲ ဖြစ်နိုင်ပါတယ်။ သွေးတိုးဝေဒနာရှင်အများစုဟာ အခြေခံအကြောင်းမရှိဘဲဖြစ်တဲ့ သွေးတိုးရောဂါ အမျိုးအစားကိုခံစားကြရပြီး ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့်ကသာ အခြားရောဂါတစ်ခုကြောင့် ဖြစ်ပွားတဲ့ သွေးတိုးရောဂါကို ခံစားနေကြရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ အခြားအကြောင်းရင်းတစ်ခုကို အခြေခံဖြစ်ပွားတဲ့ သွေးတိုးရောဂါဝေဒနာရှင်အများစုဟာ သွေးချိုဆီးချိုကြောင့် ကျောက်ကပ်ပျက်စီးခြင်း၊ ကျောက်ကပ်ရောင်ရောဂါဖြစ်ခြင်းစတဲ့ ကျောက်ကပ်ရောဂါများကြောင့် ဖြစ်ပွားတာဖြစ်ပါတယ်။ ကျောက်ကပ်ရောဂါကြောင့် သွေးတိုးနိုင်သလို သွေးတိုးရောဂါကြောင့်လဲ ကျောက်ကပ်ပျက်စီးမှုကို ဖြစ်နိုင်ပါတယ်။

ဒါကြောင့် မိမိမှာသွေးတိုးရောဂါ ရှိမရှိသိရှိရန် အလွန်အရေးကြီးပါတယ်။ ပထမဦးဆုံးအနေနဲ့ လူတစ်ယောက်မှာ ပုံမှန်ရှိသင့်တဲ့ သွေးပေါင်ချိန်ကို သိရှိရမှာဖြစ်ပါတယ်။ နှလုံးရောဂါဆိုင်ရာ အဖွဲ့အစည်းများရဲ့ သတ်မှတ်ချက်များအရ သွေးပေါင်ချိန်၁၂၀/၈၀ မီလီမီတာမာကျူရီထက်နည်းတဲ့ သွေးပေါင်ချိန်ဆိုရင် သွေးတိုးမရှိဘူးလို့ဆိုနိုင်ပါတယ်။

- ဆေးရုံ၊ ဆေးခန်းမှာ သွေးပေါင်ချိန်တိုင်းတဲ့အခါ သွေးပေါင်ချိန် ၁၄၀/၉၀ မီလီမီတာမာကျူရီထက်များရင်၊
- ဒါမှမဟုတ် အိမ်မှာချိန်တဲ့ သွေးပေါင်ချိန်ဟာ ၁၃၅/၈၅ မီလီမီတာမာကျူရီထက်များနေရင်၊
- သွေးချိုဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါရှိသူဆိုရင် သွေးပေါင်ချိန် ၁၃၀/၈၀ မီလီမီတာမာကျူရီထက်များနေတဲ့အခါ သွေးတိုးရောဂါ ရှိနေနိုင်ပါတယ်။

ဒုတိယအနေနဲ့ မိမိရဲ့သွေးပေါင်ချိန်ကို သိရှိဖို့လိုပါတယ်။ အဲဒီလိုသိဖို့ဆိုရင် လူတိုင်းလူတိုင်း အထူးသဖြင့် အသက်၄၀ကျော်တဲ့သူတိုင်း အနည်းဆုံး တစ်နှစ်မှာတစ်ကြိမ် ဆရာဝန်၊ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးဆီမှာ သွေးပေါင်ချိန်ရမှာ ဖြစ်ပါတယ်။

သွေးတိုးရောဂါရှိနေတယ်လို့ ဆရာဝန်များက ပြောခံရတဲ့သူတိုင်းဟာ အောက်ပါအချက်များကို လိုက်နာရမှာ ဖြစ်ပါတယ်။

- ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်မှုပုံစံကို လိုက်နာကျင့်သုံးပြီး သွေးပေါင်ချိန်ကို လျှော့ချနိုင်ပါတယ်။

ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားနေထိုင်ပါ။ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ပါ။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ သို့မဟုတ် ရေကူးခြင်းကို နေ့တိုင်းလိုလို နာရီဝက်မှတစ်နာရီခန့်ကြာအောင် ပြုလုပ်သင့်ပါတယ်။ လှုပ်လှုပ်ရှားရှားမနေတဲ့ သူတိုင်းဟာ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ပို၍သွက်သွက်လက်လက် လှုပ်လှုပ်ရှားရှား နေထိုင်ခြင်းအားဖြင့် သွေးပေါင်ချိန်ကိုရော၊ ကိုယ်အလေးချိန်ကိုပါ ကျစေနိုင်ပါတယ်။

လတ်ဆတ်တဲ့အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်များ၊ အဆီထုတ်ထားသော နို့ထွက်ပစ္စည်းများနဲ့ အဆီနည်းသော အစားအစာများကို ပိုစားပါ။ လွယ်လင့်တကူ စားသုံးနိုင်ရန် အသင့်ထုပ်ပိုးထားသော အစားအစာများ၊ ဥပမာ–ခေါက်ဆွဲခြောက်ထုပ်များမှာ အငန်ဓာတ်များသဖြင့် ရှောင်ကြဉ်သင့်ပါတယ်။

အစာစားရင် ဆားလျှော့စားပါ။ လူတစ်ယောက်ဟာ အသက်၅၀ကျော်လာပြီဆိုရင် အစားအစာထဲမှာ အငန်ဓာတ်များခြင်းကြောင့် သွေးတိုးရောဂါကို ဖြစ်ပွားစေနိုင်သလို ရှိပြီးသွေးတိုးရောဂါကိုလဲ ပိုဆိုးလာစေနိုင်ပါတယ်။ ဆားလျှော့စားခြင်းဖြင့် သွေးတိုးရောဂါရှိတဲ့သူများမှာ သွေးပေါင်ချိန် ကျလာနိုင်စေပါတယ်။ ဒါကြောင့် ငန်တဲ့ အစားအစာများကို ရှောင်ပါ။ ထမင်းစားတဲ့အခါ ဆားထပ် ထည့်မစားပါနဲ့။ ဆားလျှော့စားခြင်းဖြင့် သွေးပေါင်ချိန်ကို ငါးမီလီမီတာမာကျူရီမှ ၁၀မီလီမီတာမာကျူရီအထိ သိသိသာသာ ကျဆင်းစေနိုင်ပါတယ်။

အရက်သောက်တတ်တဲ့သူများဆိုရင် တစ်နေ့ကို နှစ်ခွက် (အရက်ချိန် နှစ်ယူနစ်)ထက် ပိုမသောက်သင့်ပါဘူး။ အရက်ချိန် တစ်ယူနစ် (တစ်ခွက်)ဟာ အရက်ပါဝင်မှု၅ရာခိုင်နှုန်း ပမာဏရှိတဲ့ဘီယာ ၁၂အောင်စ၊ ၁၂ရာခိုင်နှုန်း ပမာဏရှိတဲ့ ဝိုင် ငါးအောင်စ၊ ဒါမှမဟုတ် ၄၀ရာခိုင်နှုန်း ပမာဏရှိတဲ့ အရက်တစ်အောင်စနဲ့ ညီမျှပါတယ်။ အရက်များများသောက်ခြင်းဟာ သွေးပေါင်ချိန်ကို တိုးစေရုံမျှမက သွေးတိုးရောဂါကိုပါ ဖြစ်စေနိုင်ပါတယ်။ အမျိုးသမီးများဟာ အမျိုးသားများထက် အရက်ရဲ့ ဆိုးကျိုးကို ပိုမိုခံစားရနိုင်ပါတယ်။ အရက်ကို လျှော့သောက်ခြင်းဖြင့် ကိုယ်အလေးချိန်ကိုလဲ လျှော့ချနိုင်ပါတယ်။

ကိုယ်အလေးချိန်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အနေအထား (အတိုင်းအတာ) အတွင်းမှာ ရှိပါစေ။ ကိုယ်အလေးချိန် ၄ဒသမ၅ကီလို (၁၀ပေါင်ခန့်) လျှော့ချခြင်းဟာ အခြားဆေးဝါးများ အကူအညီပင် မလိုအပ်ဘဲ သွေးပေါင်ချိန်ကို လျှော့ကျစေနိုင်ပါတယ်။

ဆေးလိပ်ဖြတ်ပါ။ ဆေးလိပ်သောက်ခြင်းကြောင့် သွေးပေါင်ချိန်မတက်နိုင်ပေမယ့် သွေးတိုးရောဂါရှိသူများမှာ ဆေးလိပ်သောက်ခြင်းဟာ နှလုံးရောဂါ ဖြစ်ပွားဖို့အခွင့်အလမ်းကို သိသိသာသာ ပိုများစေနိုင်တဲ့အပြင် သွေးပေါင်ကျဆေးများရဲ့ ထိရောက်မှုအာနိသင်ကို နည်းသွားစေနိုင်ပါတယ်။

စိတ်ဖိစီးမှုများသော အခြေအနေများကို ရှောင်ကြဉ်ခြင်းဖြင့်လဲ သွေးပေါင်ချိန်ကို လျှော့ချနိုင်ပါတယ်။

နေထိုင်မှုပုံစံကို ပြောင်းလဲပစ်ခြင်းဟာ အချို့လူနာများမှာ ဆေးဝါးကဲ့သို့ပင် ထိရောက်မှုရှိပါတယ်။ အကယ်၍ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှုနဲ့ သွေးပေါင်ချိန် ပုံမှန်မရောက်ခဲ့ရင် ဆရာဝန်ထံမှာ ဆေးကုသမှုခံယူဖို့ လိုအပ်ပါတယ်။

- သွေးတိုးရောဂါရှိသူများဟာ နှလုံးရောဂါနဲ့ လေဖြတ်ရောဂါများကို ဖြစ်စေတဲ့ အခြားအခြေအနေများပါ ရှိနေတတ်တာကြောင့် သွေးတွင်း သကြားဓာတ်နဲ့ အဆီဓာတ် များ၊မများကိုပါ စစ်ဆေးသင့်ပါတယ်။
- ကျောက်ကပ် ပုံမှန်အလုပ် လုပ်၊မလုပ်သိရှိနိုင်ရန် သွေးနဲ့ဆီးကိုလဲ စစ်ဆေးသင့်ပါတယ်။ ကျောက်ကပ်ရောဂါကြောင့်လဲ သွေးတိုးနိုင်ပါတယ်။
- ဆရာဝန်က ညွှန်ကြားထားတဲ့အတိုင်း ဆေးများကို မှန်မှန်မသောက်ရင် ဆေးအာနိသင် ထိရောက်မှုမရှိနိုင်ပါဘူး။ ဒါကြောင့် ပေးထားတဲ့ဆေးများကို တိတိကျကျ သောက်ဖို့လိုအပ်ပါတယ်။
- ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေလဲ ရှိနေနိုင်တဲ့အတွက် ဆိုးကျိုးများ ဖြစ်လာခဲ့ရင် ဆရာဝန်ကို အသိပေးတိုင်ပင်ရမှာ ဖြစ်ပါတယ်။
- သွေးပေါင်ချိန်ကို ပုံမှန်စစ်ဆေးပါ။
- သွေးတိုးရောဂါဝေဒနာရှင်များမှာ သွေးပေါင်ချိန် ရုတ်တရက်တက်လာရင် ကြောက်မက်ဖွယ်ကောင်းတဲ့ နောက်ဆက်တွဲပြဿနာများဖြစ်တဲ့ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ အဆုတ်ထဲသို့ သွေးလျှံခြင်းတို့ဖြစ်ပြီး ရုတ်တရက် အသက်ဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် ဒီလိုသွေးပေါင်ချိန် ရုတ်တရက်တက်လာတာကို "သွေးတိုးရောဂါ၏ အရေးပေါ်အန္တရာယ်ပေး အခြေအနေများ"လို့ ခေါ်ကြပါတယ်။ ဒီအခြေအနေများကို ဖြစ်လျှင်ဖြစ်ချင်း ကုသမှုပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ရုတ်တရက်နေထိုင်မကောင်းလျှင် ဆရာဝန်နဲ့ ပြသရန် နှောင့်နှေးစောင့်ဆိုင်းခြင်း မပြုသင့်ပါဘူး။

သွေးတိုးရောဂါကို ထိန်းသိမ်းရာမှာ သုံးသော ဆေးဝါးများဟာ နှလုံးသွေးကြောပိတ်ခြင်းနဲ့ လေဖြတ်ခြင်းတို့ကိုပါ ကာကွယ်ပေးနိုင်ပါတယ်။ သွေးပေါင်ချိန်ကို တစ်မီလီမီတာမာကျူရီလျှော့ချနိုင်ရင် လေဖြတ်ခြင်းကို ၁ရာခိုင်နှုန်း လျော့ကျစေနိုင်ပါတယ်။

သွေးတိုးရောဂါ ထိန်းသိမ်းရာတွင် အသုံးပြုသော ဆေးဝါးများဟာ အကြမ်းဖျင်းအားဖြင့် သွေးပေါင်ကို ကျစေနိုင်ပြီး လူတစ်ဦးစီ၏ ဘဝ အရည်အသွေးကိုပါ ကောင်းမွန်လာအောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ ဒါပေမယ့် လူနာတစ်ဦးနဲ့တစ်ဦး မတူပါဘူး။ အချို့လူနာများက ဆေးတစ်မျိုးက အခြားဆေးတစ်မျိုးထက် ပိုပြီး ရလဒ်ကောင်းများရရှိပြီး အချို့လူနာများကတော့ ဆေးတစ်မျိုးထက်ပိုပြီး လိုအပ်တတ်ပါတယ်။ ဆေးဝါးအမျိုးမျိုးမှာ ကုန်ကျစရိတ်များ မတူသလို ခြားနားတဲ့ ဆိုးကျိုးများလဲ ရှိပါတယ်။ ဒါကြောင့် ဆေးကုသရာမှာ လူနာတစ်ဦးချင်းအလိုက် ကုသမှု ပေးရပါတယ်။ ဒါကြောင့် သွေးတိုးရောဂါကို ထိန်းသိမ်းကုသရာမှာ ကျွမ်းကျင်သူများရဲ့ အကြံဉာဏ်ကို ယူသင့်ပါတယ်။

နှလုံးသွေးကြောရောဂါကို ဖြစ်စေနိုင်တဲ့ အခြားအရေးကြီးတဲ့ အခြေအနေများဟာလဲ သွေးတိုးရောဂါနဲ့ အတူတူတွဲပြီး တွေ့ရတတ်ပါတယ်။ အဲဒါတွေကတော့ ဆေးလိပ်သောက်ခြင်း၊ သွေးအဆီဓာတ်များခြင်း၊ သွေးချို ဆီးချိုရောဂါ၊ အဝလွန်ခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ ဖြစ်ကြပါတယ်။ နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်က ကွင်းဆင်းလေ့လာ ကောက်ယူခဲ့တဲ့ စစ်တမ်းများအရ မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သူ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နဲ့ မြို့ပြကွာခြားချက်မရှိပါ။ အမျိုးသားများက ဆေးလိပ်ပိုသောက်ကြတာကို တွေ့ရှိရပါတယ်။ ဒီစီမံချက်ရဲ့ လေ့လာချက်တစ်ခုမှာပဲ လူဦးရေရဲ့ ၁၈ရာခိုင်နှုန်းဟာ အဝလွန်နေသည်ကို တွေ့ရှိခဲ့ပါတယ်။ နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်နှင့် သွေးချိုဆီးချိုရောဂါ ထိန်းသိမ်းရေးစီမံချက်များရဲ့ စစ်တမ်းများအရ လူဦးရေရဲ့ ၈ရာခိုင်နှုန်းမှ ၁၂ရာခိုင်နှုန်းမှာ သွေးချိုဆီးချိုရောဂါဖြစ်နေပြီး ၂၆ရာခိုင်နှုန်းမှာ သွေးတွင်းအဆီဓာတ်များနေသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကာကွယ်နိုင်ရန်အတွက် အထက်ဖော်ပြပါ အခြေအနေများအားလုံးကို တစ်ပြိုင်နက်တည်း ထိန်းသိမ်းကုသရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင် သွေးတိုးရောဂါဟာ မဖြစ်အောင် ကာကွယ်နိုင်တဲ့အပြင် ဖြစ်လာရင်လဲ ထိန်းသိမ်းကုသပြီး နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်နိုင်တဲ့ရောဂါ ဖြစ်ပါတယ်။ ဒါကြောင့် **"သွေးတိုးရောဂါကို စောစီးစွာ သိရှိဖော်ထုတ်ပြီး ထိရောက်အောင် ကုသကြပါစို့"**လို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

သွေးတိုးရောဂါကို ကုသမှုမပြုခဲ့ရင် "ပစ်မှတ်ကိုယ်တွင်းအင်္ဂါများ"ကို ထိခိုက်မှုဖြစ်စေနိုင်ပြီး လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ရောဂါလက္ခဏာများမရှိဘဲ ရုတ်တရက်သေဆုံးစေနိုင်တဲ့အတွက် သွေးတိုးရောဂါကို "အသံတိတ် လူသတ်သမား"လို့တောင် ကင်ပွန်းတပ်ကြ။

၃၅၂ပေရှည် ကျွန်းလှ မူးမြစ်ကူးတံတား(သဖန်းဆိပ်) ဖွင့်လှစ်လိုက်ပြီ ဒေသခံပြည်သူတို့ ဝမ်းမြောက်ဝမ်းသာ ဖြတ်သန်းကြည့်ရှု

ရန်ကုန် မေ ၁၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၇ရက်က ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ မူးမြစ်ကူးတံတား (သဖန်းဆိပ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ မူးမြစ်ကူးတံတား (သဖန်းဆိပ်)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (အား/ကာ)

ရှေးဦးစွာ အလှူရှင် ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က မူးမြစ်ကူးတံတား (သဖန်းဆိပ်) ဆောက်လုပ်ရန် လှူဒါန်းငွေ ထည့်ဝင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် အလှူရှင် ဦးတင်မောင်တို့က မူးမြစ်ကူးတံတား (သဖန်းဆိပ်) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သာအေးက မူးမြစ်ကူးတံတား(သဖန်းဆိပ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တံတားဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ အဆိုပါ မူးမြစ်ကူးတံတားကို လုပ်ငန်းရှင်တစ်ဦးက ငွေကျပ်သိန်း၁၁၀ ထည့်ဝင်လှူဒါန်း၍ ဒေသခံလုပ်ငန်းရှင်များက ငွေကျပ် ၉၅သိန်း စုစုပေါင်း ငွေကျပ် ၂၀၅သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သည့်အတွက် ယာဉ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။

မြစ်ကူးတံတားအရှည်မှာ ၃၅၂ပေ၊ အကျယ် ၁၈ပေ၊ အမြင့် ၂၄ပေရှိ သစ်သားတံတားဖြစ်ပြီး ၂၀၀၆ခုနှစ် ဧပြီ ၂၀ရက်တွင် ပြီးစီးခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြ၍ အဆိုပါ ရှင်းလင်းဆောင်၌ ရွှေဘိုခရိုင်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေက သဖန်းဆိပ်ရေလှောင်တမံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က နွေစပါးစိုက်ပျိုးမှုမှ အကျိုးပြုနိုင်မှု အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ သဖန်းဆိပ်ရေလှောင်တမံကြီးမှ ဆည်ရေသောက်လယ် ၃၀၅၉၅၅ဧကကို နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်ခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု သဖန်းဆိပ်စံပြကျေးရွာအနီး၌ ကျင်းပသော ကျွန်းလှ–သဖန်းဆိပ်လမ်း(သဖန်းဆိပ်ဘက်ခြမ်း) ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရ လမ်းတာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်နိုင်ဝင်းက လမ်းဖောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းရှင် ဦးတင်မောင်တို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျွန်းလှ– သဖန်းဆိပ်လမ်း ကျောက်ချောလမ်း (သဖန်းဆိပ် ဘက်ခြမ်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက လုပ်ငန်းဆောင်ရွက်ခဲ့သည့် ဌာနအသီးသီးသို့ ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကျွန်းလှ–သဖန်းဆိပ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီး ကျင်းပသည့် ကျွန်းလှ–သဖန်းဆိပ်ကျောက်ချောလမ်း (ကျွန်းလှဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။ အစီအစဉ်အရ လမ်းဖောက်လုပ်ရေးတာဝန်ခံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိန်က ကျောက်ချောလမ်းပြုပြင် ဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူတစ်ဦးက လမ်းဖောက်လုပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရွှေဘိုခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်လုပ်ငန်းရှင် ဦးတင်မောင်တို့က လမ်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျွန်းလှ–သဖန်းဆိပ်လမ်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လမ်းဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြပြီး လမ်းကိုကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျွန်းလှ–သဖန်းဆိပ်လမ်းမှာ ယခင်က ကျွန်းလှမြို့ဟောင်းနှင့်သစ်ရာပင်ကျေးရွာကို ဆက်သွယ်သော အမာခံကျောက်ခင်းလမ်းဖြစ်ပြီး လမ်းအရှည် ၉ဒသမ ၆မိုင်မှ ၇ဒသမ ၅မိုင်ကို ကျောက်ချောလမ်းအဖြစ် ၂၀၀၆ခုနှစ် ဧပြီ ၁၂ရက်တွင် ပြုပြင်ဖောက်လုပ်ပြီးစီးသည်။ လမ်းအကျယ် ၁၂ပေဖြစ်ပြီး လုပ်ငန်းရှင် ဦးတင်မောင်နှင့်ဒေသခံပြည်သူများက ထည့်ဝင်ငွေကျပ် စုစုပေါင်း ၁၃၇သိန်း ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၅၁) မိုးမခလမ်းနေ ဦးတင်ဦး(မြို့နယ်ပညာရေးမှူး–ငြိမ်း)ဇနီး ဒေါ်ခင်သန်းမိသားစုတို့က အလှူငွေကျပ် ၆၄၆၂၀၀ ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အထွေထွေအကျိုးတော်ဆောင် ဆရာတော် ဦးဝိနယနှင့် ဦးကုသလ(နာလန္ဒာ)တို့ ရှေ့မှောက်၌ တာဝန်ခံဒေါက်တာအေးအေးမာထံ ဧပြီ ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၂

မြန်မာ့ရိုးရာယဉ်ကျေးမှု နွေရာသီ အဆို၊ အက၊ အရေး၊ အတီး ပုံမှန်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၈ရက်က ပြည်ခရိုင် ပြည်မြို့နယ် မူရာပင်ရပ်ရှိ သီရိခေတ္တရာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများက အဆို၊ အကများဖြင့် ဖျော်ဖြေကြသည်။ အဆိုပါသင်တန်းကို မေ၁၉ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းသည် မေ ၉ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော နဝမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ကွန်ပျူတာပိုစတာပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးများက ခရိုင်အလိုက်ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြိုင်ပွဲကို တက္ကသိုလ်များနှင့် ကောလိပ်များအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုး၊ ဘွားများ သက်ကြီးပူဇော်

မေ ၉ရက်က ဆူးလေစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ပထမအကြိမ်မြောက် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် မြို့နယ်များရှိ အသက် ၈၀နှင့် အထက် ဘိုး၊ ဘွား ၄၃ဦးအား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆူးလေစေတီတော် ကျက်သရေဆောင် ခန်းမ၌ ကျင်းပစဉ်။ (က–ပ)

အကြိုဗိုလ်လုပွဲစဉ်များဖြစ်၍ လက်ဝှေ့ကျော်များ ဘတစ်ပြန်ကျားတစ်ပြန် ရေကုန်ရေခန်းယှဉ်ပြိုင်မည်

● ကျော်ဖုံးမှ

လိုက်ဖလိုင်းဝိတ်တန်း ၄၈ ကီလို၌ နှစ်ပွဲ၊ ဖလိုင်းဝိတ်တန်း ၅၁ ကီလို၌ နှစ်ပွဲ၊ ဘင်တန်ဝိတ်တန်း ၅၄ ကီလို၌ နှစ်ပွဲ၊ မစ်ဒယ်ဝိတ်တန်း ၇၅ ကီလို၌ နှစ်ပွဲ စုစုပေါင်း ရှစ်ပွဲဖြစ်သည်။ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းတို့၌ အားကစားသမား လေးဦးစီသာ စာရင်းသွင်းပေးခဲ့ကြသဖြင့် အကြိုဗိုလ်လုပွဲစဉ်မှ စတင်ယှဉ်ပြိုင်ရခြင်း ဖြစ်သည်။

ဒိုင်ပွဲရပ်

ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် အသဲစွဲ(ဘိလပ်မြေစက်ရုံ)နှင့် လက်သီးမောင်မောင်(မြားနက်)တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ အသဲစွဲ(ဘိလပ်မြေစက်ရုံ)က ပထမအချီ ၂ မိနစ် ၃၁ စက္ကန့်၌ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အသဲစွဲက အကိုင်အချုပ်ဖြင့် ညာဒူးကိုဆက်တိုက်ပစ်သွင်းနေ၍ ဒိုင်လူကြီးက ပွဲရပ်ပြီး အသဲစွဲကို အနိုင်ပေးခဲ့သည်။ ဘိလပ်မြေစက်ရုံကလပ်မှ

မိုက်ခဲ (ကျွဲမင်း)

ဖယ်သာဝိတ်တန်း ၅၇ ကီလို အကြို ဗိုလ်လုပွဲစဉ်၌ ကျော်ဆန်း (KLN) နှင့် ယှဉ်ပြိုင် ထိုး သတ်ရမည့် မိုက်ခဲ (ကျွဲမင်း)။

(မြန်မာ့အလင်း)

ဖိုင်နယ်ပွဲစဉ်များ၌ လက်စွမ်းပြထိုးသတ်ခဲ့ကြသော လက်ဝှေ့ကျော်များဖြစ်၍ ပွဲကောင်းများပင်ဖြစ်သည်။ အနိုင်ရသူနှစ်ဦးသည် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။

ခံနိုင်ရည်

ကျော်ဆန်း(KLN)သည် ပြိုင်ဘက် လူလေးအောင်(တောင်ကလေး) ဆေးမအောင်၍ မထိုးရဘဲ အလိုအလျောက် အကြိုဗိုလ်လုပွဲ တက်လာခြင်းဖြစ်သည်။ မိုက်ခဲ(ကျွဲမင်း)က စောအုန်းမြင့် (မြွေဟောက်မင်း) ကို စတုတ္ထအချီ ၂ မိနစ် ၄၉ စက္ကန့်၌ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကျော်ဆန်းအားမွေးထားနိုင်၍ အသာစီးရနေသော်လည်း မိုက်ခဲက ခံနိုင်ရည်ကောင်းပြီး လက်သီးပြင်းသည်။

ဒေါနပန်း(ကျွဲမင်း)က ရွှေရခိုင်(ရွှေဒေါပုံ)ကို တတိယအချီ ၅၇ စက္ကန့်၌ အလဲထိုးအနိုင်ရခဲ့သည်။ ဘိလပ်မြေမောင်မောင်(ဘိလပ်မြေစက်ရုံ) က စောသဲမင်း(KLN)ကို ပထမအချီ ၅၄ စက္ကန့်၌ အလဲထိုးအနိုင်ရခဲ့သည်။ အလဲထိုး၍ ပွဲသိမ်းကောင်းသူနှစ်ဦးဆုံကြသည်ဖြစ်ရာ တစ်ချက်အမှားမခံသောပွဲပင်ဖြစ်သည်။

လက်ရည်သာ

လိုက်ဝိတ်တန်းကီလို ၆၀ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် စောလူမင်း

ပွဲမှာ ဝင်းထွန်း မညှာစတမ်း ထိုးလျှင် ပွဲသိမ်းမြန်မည်ဖြစ်သည်။ ဟိန်းညီညီနှင့် ဝင်းထွန်းတို့မှာ လူရင်းချင်းလည်းဖြစ်နေ၍ ဟိန်းညီညီ ခံထိုးပါ့မလားစဉ်းစားစရာဖြစ်သည်။ ဟိန်းညီညီ(အလင်းရောင်)က စစ်အောင်(ဘိလပ်မြေစက်ရုံ)ကို ဒုတိယအချီ ၂ မိနစ် ၈ စက္ကန့်၌ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း) က ရွှေနိုင်ထွန်း(မြွေဟောက်မင်း)ကို ပထမအချီ ၄၇ စက္ကန့်၌ အလဲထိုး အနိုင်ယူခဲ့သည်။ ဝင်းထွန်းနှင့် ဟိန်းညီညီတို့ပွဲမှာ လက်ရည်မမျှ၍ ဝင်းထွန်းအနိုင်ရဖို့များသည်။ လိုက်ဝိတ်တန်း ကီလို ၆၀ ၌ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းနှင့် စောသဲမျိုးတို့ ရွှေခါးပတ်လုရဖွယ်ရှိသည်။

ရွှေခါးပတ်ချိန်

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ် နဂါးလေး(မြွေဟောက်မင်း)နှင့် စောဝီလျှံသိန်း(မရမ်းကုန်း)၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် စောဇွဲလေး(K.L.N)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။ ရွှေခါးပတ်ချိန်နေသော စောဇွဲလေး လက်သီးစွမ်းပြနိုင်မှသာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်၌ စောဇွဲလေးက ဖိုးစိုး(အလင်းရောင်)ကို ဒုတိယအချီ ၂၈ စက္ကန့်၌ အလဲထိုး အနိုင်ရခဲ့သည်။

ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁ ရပ်ကွက် ကမ္ဘောဇရိပ်သာ အမှတ် ၁၈(ခ)နေ ပါမောက္ခ ဦးထူးဟန်၊ ဒေါက်တာဒေါ်ခင်စုကြည်၊ သား-နေထူးဟန်နှင့် ဇနီး ဖရန်ချက်စကာဖန်း၊ သမီးနှင်းရည်ထူး၊ ဝင့်ရည်ထူး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော် ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်ခြောက်သိန်းကို တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆက် ရန်ကုန်တိုင်းက မန္တလေးတိုင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် မေ ၁၂

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက မန္တလေးတိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဂိုးရနောက်ကျ

ရန်ကုန်တိုင်းအသင်းက ခြေအသာစီးမှကစားပြီး ကွင်းတစ်ဝက် ဖိထားနိုင်သော်လည်း ဂိုးသွင်းမပိုင်၍ ဂိုးရနောက်ကျခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းအသင်းအတွက် ပထမဂိုးကို ပထမပိုင်း မိနစ်၂၀ တွင် သီတာကြည် ဂိုးရှေ့သို့ အမြောက်ကန်ပို့လိုက်သည့် ဘောလုံးကို မန္တလေးတိုင်းအသင်းမှ နောက်တန်းလူ သီရိမြတ် ဖျက်ထုတ်ရင်း ဂိုးဝင်သွား၍ ရရှိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် ရန်ကုန်တိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဂိုးသွင်းယူ

ရန်ကုန်တိုင်းအသင်းက ဒုတိယပိုင်းတွင် နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ရာ တိုက်စစ်မှူး မူမူလွင်က ၆၅ မိနစ်တွင် ဒုတိယဂိုး၊ ၈၅ မိနစ်တွင် တတိယဂိုး သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းအသင်းမှ သဲသဲချိုက ရရှိသည်။

ယနေ့ပွဲ

မေ ၁၃ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဧရာဝတီတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ယှဉ်ပြိုင်ရမည်

လိုက်ဖလိုင်းဝိတ်တန်း ၄၈ ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ် နေစိုးအောင်(တောင်ကလေး)နှင့် နိုင်ဝင်း(ဘိလပ်မြေစက်ရုံ)၊စောသဲဝေ(တွံတေး)နှင့်မိုးသီး(မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။ ယခုပွဲစဉ်များမှ အနိုင်ရသူနှစ်ဦးသည် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

ဖလိုင်းဝိတ်တန်း ၅၁ ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ် အောင်မြင့်စိန်(တွံတေး) နှင့် ရွှေကျည်ဆံ (ဘိလပ်မြေစက်ရုံ)၊ ထစ်ချုန်း (KLN) နှင့် ဇာနည်မင်း(မြွေဟောက်မင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။ ယခုပွဲစဉ်များမှ အနိုင်ရရှိသူနှစ်ဦးသည် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ဘင်တန်ဝိတ်တန်း ၅၄ ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ်သိုးကောင်း(မြန်မာပြည်သား)နှင့် ဒေါနအောင်(ကျွဲမင်း)၊ သားရွှေသွေး(တောင်ကလေး)နှင့် အသဲစွဲ(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။ ယခုပွဲစဉ်များမှ အနိုင်ရရှိသူနှစ်ဦးသည် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

ဘင်တန်ဝိတ်တန်း ၅၄ ကီလို၌ အားကစားသမားခြောက်ဦး စာရင်းပေးသွင်းခဲ့သဖြင့် ကွာတားဖိုင်နယ်ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ခဲ့ရသည်။ ကွာတားဖိုင်နယ်ပွဲစဉ်၌ သားရွှေသွေး(တောင်ကလေး)က ရွှေဖလား(K.L.N)ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ထိုပွဲစဉ်၌ ငါးချီပြည့် ထိုးသတ်ကြသည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ အမှတ်ပေးဒိုင်လူကြီး ငါးဦးစလုံးက သားရွှေသွေး(တောင်ကလေး)ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

လက်ဝှေ့ကျော်ဆိုလျှင် လျှော့တွက်၍ မရဟုဆိုနေရာ သားရွှေသွေးနှင့် အသဲစွဲတို့ပွဲမှာ ကြည့်ကောင်းမည်ဖြစ်သည်။

သိုးကောင်း (မြန်မာပြည်သား)နှင့် ဒေါနအောင်(ကျွဲမင်း)တို့ နှစ်ဦးမှာ အကြိုဗိုလ်လုပွဲစဉ်မှ စတင်ယှဉ်ပြိုင်ရသည်ဖြစ်ရာ လက်ရည်ကို မမြင်တွေ့ရသေးချေ။ ကျွဲမင်းကလပ်မှ မိုက်ခဲနှင့် ဒေါနပန်းတို့ အလဲထိုးများဖြင့် အနိုင်ယူပြထားရာ ဒေါနအောင်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာပြည်သားကလပ်မှ သူရရဲအောင် ကွာတားဖိုင်နယ်၌ အနိုင်ရခဲ့သလို သိုးကောင်း လက်သီးစွမ်းပြနိုင်လျှင်အကြိတ်အနယ်ရှိသော ပွဲကောင်းဖြစ်လာနိုင်သည်။

မစ်ဒယ်ဝိတ်တန်း ၇၅ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ် စောသဲအေး(တွံတေး)နှင့်ဘိလပ်မြေစတား(ဘိလပ်မြေစက်ရုံ)၊ စိန်သံမဏိ(အလင်းရောင်) နှင့် ဇာနည်ဆင်ရိုင်း (တောင်ကလေး) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။ ယခုပွဲစဉ်များမှ အနိုင်ရရှိသူနှစ်ဦးသည် မေ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

ဆက်လက်ကျင်းပမည်

မေ ၁၄ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဖယ်သာဝိတ်တန်း ၅၇ ကီလို၌နှစ်ပွဲ၊ လိုက်ဝိတ်တန်း ကီလို ၆၀ ၌ နှစ်ပွဲ၊ လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို၌ နှစ်ပွဲ၊ ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို၌နှစ်ပွဲ စုစုပေါင်း ရှစ်ပွဲယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဖယ်သာဝိတ်တန်း ၅၇ ကီလို အကြိုဗိုလ်လုပွဲစဉ်များအဖြစ်ကျော်ဆန်း (KLN)နှင့် မိုက်ခဲ(ကျွဲမင်း)၊ ဒေါနပန်း (ကျွဲမင်း)နှင့် ဘိလပ်မြေမောင်မောင် (ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။ ကွာတား



ကြယ်လင်းအောင် (တောင်ကလေး)

လိုက်ဝယ်လ်တာ ဝိတ် တန်း ၆၃ ဒသမ ၅ ကီလို အကြို ဗိုလ်လုပွဲစဉ်၌ စောဇွဲလေး (KLN)နှင့် ယှဉ်ပြိုင် ထိုး သတ် ရမည့် ကြယ်လင်း အောင် (တောင် ကလေး)။

(မြန်မာ့အလင်း)

(တောင်ကလေး)နှင့်စောသဲမျိုး(KLN)၊ ဟိန်းညီညီ (အလင်းရောင်) နှင့် ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်၌ စောသဲမျိုး (KLN)က သမိန်ရာဇာ(မလှိုင်) ကို တတိယအချီ စက္ကန့် ၅၀ ၌ အလဲထိုး အနိုင်ယူခဲ့သည်။ တတိယအချီအထိ ရောက်ခဲ့သော်လည်း စောသဲမျိုးက လက်ရည် အများကြီးသာသည်။ စောလူမင်း(တောင်ကလေး)က ဘိုင်ရထားသဖြင့် အကြိုဗိုလ်လုပွဲစဉ်မှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ စောလူမင်း၏လက်ရည်ကို မမြင်တွေ့ရသေးသော်လည်း စောသဲမျိုး၏ သမ္ဘာနှင့် အတွေ့အကြုံက အနိုင်ဘက်သို့ ဦးတည်စေမည်ဟု ထင်မိသည်။

ဟိန်းညီညီ(အလင်းရောင်) နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့

ကြယ်လင်းအောင်(တောင်ကလေး) က တက်လူဖြစ်၍ ဖိုးစိုးထက် ခံရည်ရှိပြီး သတ်လုံးသတ်ကွက် ကောင်းသည်။ ကြယ်လင်းအောင်က အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)ကို ဒုတိယအချီ ၁ မိနစ် ၅၈ စက္ကန့်၌ မျက်ခုံးကွဲအောင်ထိုးပြီး အနိုင်ယူခဲ့သည်။ စောဇွဲလေးနှင့် ကြယ်လင်းအောင်တို့ပွဲမှာ အားမာန်အပြည့်ဖြင့် အသဲကောင်းကောင်း ထိုးကြမည့်ပွဲဖြစ်၍ ပရိသတ်များ အကြိုက်တွေ့နိုင်သည်။

အတိုက်သမား

စောဝီလျှံသိန်း(မရမ်းကုန်း) က မိုက်တိုင်စန်(အလင်းရောင်)ကို အမှတ်ဖြင့် အနိုင်ယူခဲ့သည်။ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးလေးဦးက စောဝီလျှံသိန်းကို အနိုင်ပေးခဲ့ခြင်း

ဖြစ်သည်။ စောဝီလျှံသိန်း ခံနိုင်ရည်ရှိပြီး အတိုက်သမားဖြစ်၍ ပရိသတ်သဘောကျခြင်းခံရသည်။ နဂါးလေး(မြွေဟောက်မင်း) က ဘိုင်ရထားသဖြင့် အကြိုဗိုလ်လုပွဲမှ စတင်ယှဉ်ပြိုင်ရသည်။

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကြီးအောင်(တောင်ကလေး)နှင့် ထွန်းထွန်း(ဒေါနခြေလှမ်းသစ်)၊ သူရရဲအောင်(မြန်မာပြည်သား)နှင့် တာတိုးဝါး(ဘိလပ်မြေစက်ရုံ) တို့ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ လေးဦးစလုံး ကွာတားဖိုင်နယ်ပွဲစဉ်များ၌ အစွမ်းပြထိုးသတ်ခဲ့ကြသူများဖြစ်၍ လက်ရည်ညီသောပွဲကောင်းများ ကြည့်ကြရမည်ဖြစ်သည်။

ရန်ကြီးအောင်(အလင်းရောင်) က စောဇော်လွင်(KLN)ကို ဒုတိယအချီ ၄၂ စက္ကန့်၌ နဖူးကွဲအောင်ထိုးပြီး အနိုင်ယူခဲ့သည်။ ထွန်းထွန်း(ဒေါနခြေလှမ်းသစ်)က မျိုးဆက်သစ်(လယ်ယာ/ဆည်မြောင်း)ကို ပထမအချီ ၁ မိနစ် ၅ စက္ကန့်၌ အလဲထိုး အနိုင်ရခဲ့သည်။ သူရရဲအောင် (မြန်မာပြည်သား) က ကောင်းစံ (ရွှေဒေါပုံ)ကို တတိယအချီ ၁ မိနစ် ၂၆ စက္ကန့်၌ အလဲထိုးအနိုင်ရခဲ့သည်။ တာတိုးဝါး(ဘိလပ်မြေစက်ရုံ) က အာကာဟိန်း(အလင်းရောင်)ကို ဒုတိယအချီ၌ အနိုင်ရခဲ့သည်။

သတင်းစကား

အကြိုဗိုလ်လုပွဲစဉ်များ ဝင်ကြေးအဖြစ် ရိုးရိုးတန်းကျပ် ၂၅၀၀၊ အထူးတန်း ကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အောင်မြင်ဖြစ်မြောက်ရေးအတွက် Myanmar Towards Co., Ltd.က အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များ၌ လက်ရည်ညီသော လက်ဝှေ့ကျော်များ ဘတစ်ပြန် ကျားတစ်ပြန် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးရောက် မိုက်ကယ်အက်ဆိန်း ကမ္ဘာ့ဖလားတွင် ဂါနာအသင်းမှ ပါဝင်ကစားမည်

စုစည်းတင်ပြသူ မြင့်မောင်စိုး

ဂါနာ မေ ၁၂

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၉ ရက်မှ စတင်ပြီး ဂျာမနီနိုင်ငံ၌ ခြိမ့်ခြိမ့်သဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မိတ်ဆက်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို စောင့်စားကြည့်ရှုကြမည့် ဘောလုံးချစ်သူများအတွက် ပါဝင် ယှဉ်ပြိုင်ကြမည့် ခြေစစ်ပွဲအောင် အသင်းများ၏ ရပ်တည်မှု အခြေအနေများကို မြန်မာ့အလင်းက တစ်သင်းချင်း ရေးသားမိတ်ဆက်ပေးလျက်ရှိသည်။

ယနေ့တွင် အုပ်စု(င)မှ ဂါနာအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် ရုန်းကန် ကြိုးစားခဲ့ရပုံများကို Yangon Entertainmant Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကားလျက် ရေးသားဖော်ပြလိုက်ပါသည်။

ခြေစစ်ပွဲအောင်

ဂါနာအသင်းသည် အာဖရိက ဖလားလေးကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။ သို့ရာတွင် ဂါနာအသင်းသည် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်ခဲ့သော အသင်းဖြစ်သည်။

ဂါနာ နည်းပြ

ဂါနာအသင်းမှ နည်းပြ ရာတိုမာဂျူကိုဗစ်။

(ဓာတ်ပုံ– အင်တာနက်)

ပထမဆုံးအကြိမ် ယှဉ်ပြိုင်ပြီး ပထမဆုံးအကြိမ် ဝင်ခွင့်ရခြင်းသည် ဂါနာအသင်း၏ ခြေစွမ်းမှာ သာမည အသင်းမျိုး မဟုတ်သည်ကို ခန့်မှန်းတွက်ဆနိုင်ပေလိမ့်မည်။

အရောက်လှမ်းနိုင်ခဲ့

ဂါနာအသင်းသည် အာဖရိက၏ ဘရာဇီးအသင်းလို့တောင် နာမည်တပ်ခံရသော အသင်းကောင်း ဖြစ်လာသည်။ သို့ရာတွင် အရင်ကစားသမားများသည် ခြေစစ်ပွဲအောင်ရန် မကစားနိုင်ခဲ့ကြပေ။ ယခုအချိန်တွင် မိုက်ကယ် အက်ဆိန်းနှင့် ကစားဖော်များသည် ဂါနာသူ ဂါနာသားများ မျှော်လင့်ထားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲဆီသို့ အရောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ခက်ခက်ခဲခဲ

ခြေစစ်ပွဲအဆင့်တွင် အုပ်စုကို လွှမ်းမိုးနေသော တောင်အာဖရိကနှင့် ဇမ်ဘီယာအသင်းတို့ကို ခက်ခက်ခဲခဲ ကျော်ဖြတ်ပြီး ငါးမှတ်အသာဖြင့် အုပ်စုပထမနေရာကို အရယူနိုင်ခဲ့သည်။

ပြောင်းလဲစေ

နည်းပြ ရာတိုမာဂျူကိုဗစ်၏ စည်းကမ်းချက်နှင့် ညွှန်ကြားမှုအောက်တွင် ကွင်းလယ်ကပ္ပတိန် စတီဗင်အပီးယားနှင့် တိုက်စစ်မှူးနှစ်ဦးဖြစ်သော မွန်တာရီနှင့် အာမိုရာတို့၏ ခြေစွမ်းများကြောင့် ဂါနာအသင်း၏အနာဂတ်ကို ပြောင်းလဲစေခဲ့သည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမည်းရောင် ကြယ်ပွင့်များသည် အာဖရိက၏ ဘောလုံးသမိုင်းအတွက် အကောင်းဆုံးမျှော်လင့်ချက် တစ်ခုဖြစ်နေပါပြီ။

ဂါနာလက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

အခက်တွေ့မည်

ဂါနာအသင်းကို ဂျာမနီ ကမ္ဘာ့ဖလားသို့ အရောက်ပို့ပေးနိုင်ခဲ့သော ကစားသမားမှာ ကွင်းလယ်ကစားသမား မိုက်ကယ်အက်ဆိန်းပင်ဖြစ်သည်။ ကွင်းလယ်က အင်တိုက်အားတိုက် ကစားတတ်သော မိုက်ကယ်အက်ဆိန်း၏ ကစားဟန်သည် တစ်ဖက် အသင်းအတွက် အခက်တွေ့မည်မှာ သေချာပေသည်။

မိုက်ကယ်အက်ဆိန်းသည်ပြင်သစ်က လီယွန်အသင်းနှင့်အတူ ကျော်ကြားလာခဲ့ပြီးနောက် အာဖရိက၏ အကောင်းဆုံး ကစားသမားတစ်ယောက်အဖြစ် အားလုံးက အသိအမှတ်ပြုခဲ့ကြသည်။

ကြံ့ခိုင်

၎င်းသည် ကြံ့ခိုင်တောင့်တင်းပြီး ဘောလုံးအထိန်းအသိမ်းသေသပ်သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ လီယွန်နှင့်အတူ အောင်ပွဲနှစ်ကြိမ်ရခဲ့ဖူးပြီး ၂၀၀၅ ခုနှစ်တွင် ပြင်သစ်၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့နောက် မိုက်ကယ်အက်ဆိန်းသည် ပရီမီယာရှစ်ချန်ပီယံ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၄ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည်။

ပါဝင်ကစား

၎င်းသည် ၁၉၉၉ခုနှစ်က အသက်(၁၇) နှစ်အောက် လူငယ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂါနာအသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့ချိန်မှစပြီး ဂါနာအသင်းကြီးတွင် ရံဖန်ရံခါ ဝင်ကစားရာမှ နာမည်ကျော်ကြားလာခဲ့သည်။ ယင်းနောက်ကွင်းလယ်ကစားကွက်ပိုင်သော မိုက်ကယ်အက်ဆိန်းသည် ဂါနာအသင်းကြီး၏ ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားလာခဲ့သည်။

ဂါနာအသင်းမှ အားထားရသော မိုက် ကယ် အက်ဆိန်း။

(ဓာတ်ပုံ– အင်တာနက်)

ဂါနာအသင်းသည် ကမ္ဘာ့ဖလား အုပ်စု(င)တွင် ပါဝင်ပြီး ဇွန် ၁၂ ရက်တွင် အီတလီအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ချက်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၂ ရက်တွင် အမေရိကန်အသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဖလားနှင့်အတူ

အီတာလျံဖလားဗိုလ်စွဲသွားသော အင်တာမီလန်အသင်း နည်းပြနှင့် ကစားသမားများ ဖလားနှင့်အတူ အောင်ပွဲခံနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်တာမီလန်က ရိုးမားအသင်းကိုနိုင် အီတာလျံဖလား နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲပြီ

မီလန် မေ ၁၂

အီတာလျံဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်တာမီလန်အသင်းက အေအက်စ်ရိုးမားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲသွားခဲ့သည်။

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးများကို အာဂျင်တီးနားကစားသမားများ ဖြစ်ကြသည့် ကင်မ်ဘီယာဆိုနှင့် ရီကာဒိုခရစ်ဇ်တို့က ပထမပိုင်းတွင် တစ်ဂိုးစီ သွင်းပေးခဲ့ကြသည်။ ဒုတိယပိုင်း ၇၇ မိနစ်တွင် လူစားဝင်လာသူ အိုဘာဖီမီမာတင်က တတိယမြောက်ဂိုးအဖြစ် သွင်းယူခဲ့သည်။

ဒဏ်ရာရရှိ

ပွဲစပြီး ၁၂မိနစ် အကြာတွင် ရိုးမားအသင်းမှကွင်းလယ်ကစားသမား ဒီရော့ဆီမှာ အဖျားရောဂါကြောင့် ကောင်းကောင်းမကစားနိုင်ခဲ့ပေ။ နောက်တန်းလူ ခရစ္စတီယန်ချီဘူလည်း ဒဏ်ရာစောစီးစွာ ရရှိသွားသည်။

အင်တာမီလန်အသင်းသည် ရိုးမားအသင်းကို အီတာလျံဖလား ဗိုလ်လုပွဲ၌ ဒုတိယအကြိမ်ဆက်တိုက် အနိုင်ရရှိပြီး ဖလားကိုဆက်ထိန်းထားနိုင်ခဲ့သည်။

ယမန်နှစ်က အင်တာမီလန်က ရိုးမားကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ပြန်ကစား

သို့ရာတွင် ရိုးမားအသင်းမှ အီတလီကွင်းလယ်ကစားသမား ဖရန်ဆက်စကို တော့တီ ပြန်ကစားလာနိုင်ခဲ့သည်ကို ကြိုဆိုခဲ့ကြသည်။ ၎င်းသည် ဖေဖော်ဝါရီ ၁၉ရက်က စီးရီးအေတွင် အမ်ပိုလီအသင်းနှင့်ကစားရာတွင် ဝဲဘက် ခြေထောက် ကျိုးပြီးနောက် ပြန်ကစားခဲ့ခြင်းဖြစ်သည်။

ကောင်းချီးသြဘာ

တော့တီသည် ပွဲချိန် ၅၅ မိနစ်တွင် စတီဖန်နိုအိုကာကာ အစားဝင်ကစားရာ ကွင်းအတွင်းဝင်လာချိန်တွင် ထောင်ပေါင်းများစွာသော ဘောလုံးပရိသတ်များက ကောင်းချီးသြဘာပေးခဲ့ကြသည်။

၎င်းသည် ပွဲချိန် ၆၈မိနစ်တွင် ရိုးမားအသင်းအတွက် အလွတ်တည်ကန်ဘောကန်ပေးခဲ့ရာ ရှာဘာနီနွန်ဒါက ခေါင်းတိုက်ဂိုးသွင်းပေးခဲ့သည်။

(အင်တာနက်)

မြစ်ငယ်မြန်မာ့မီးရထား၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

မြစ်ငယ် မေ ၆

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ အထွေထွေမန်နေဂျာ ဦးထွန်းဦး၏ စီမံဆောင်ရွက်မှုဖြင့် (၂၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မေ ၃ ရက် မွန်းတည့်၁၂နာရီက မြစ်ငယ်မီးရထား ဇေတဝန်မဏ္ဍာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ လက်ထောက်အထွေထွေမန်နေဂျာဦးဝင်းကိုက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရခြင်းနှင့် ပတ်သက်၍ သံဃာတော်များအား လျှောက်ထားပြီး ဓမ္မမိတ်ဆွေများကို အမှာစကားပြောကြားသည်။

ဩဝါဒကထာမြွက်ကြား

ထို့နောက် သံဃာတော် များနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး မန္တလေးမြို့ ဗန်းမော်တိုက်အုပ်ဆရာတော်က ငါးပါးသီလ ချီးမြှင့်၍ ဩဝါဒကထာ မြွက်ကြားသည်။

(အပေါ်ယာပုံ)

ဆက်လက်၍ ကြွရောက်လာကြသော ဆရာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ရွတ်ဖတ်သရဇ္ဈာယ်ပြီး အလှည့်ကျ ဆရာတော်များက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြကြောင်း သိရသည်။

(၂၀၉)

သရက်မိခင်/ ကလေးအသင်း နှစ်ပတ်လည်အခမ်းအနားကျင်းပ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆွေးနွေး

သရက် မေ ၈

သရက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အခမ်းအနားကို မေ ၁ ရက် နံနက် ၈နာရီက သရက်ခရိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာမြင့်တို့က အမှာစကား များပြောကြားကြပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဌေးက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အခန်းကဏ္ဍကိုရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသို့ လှူဒါန်းသော အလှူငွေကျပ်ငါးသိန်းကို ခရိုင် အတွင်းရေးမှူး ဗိုလ်မှူးအောင်သွင်က ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဌေးလွင်က လက်ခံရယူသည်။

ဆက်လက်၍ ဝင်ငွေတိုး သားဆက်ခြား ဇာတ်လမ်းတိုလေးများဖြင့် ရုပ်ကွက်အသီးသီးမှ ကပြယှဉ်ပြိုင်ကြရာ ပထမဆုရမြောက်မင်းတည်းရပ်ကွက်၊ဒုတိယဆုရ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊တတိယဆုရ အနောက်ရပ်မြောက်ပိုင်း ရပ်ကွက်နှင့် နှစ်သိမ့်ဆုရ တောင်မင်းတည်းရပ်ကွက်တို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(၁၄၅)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့မဈေး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၁ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့က ဈေးဆောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

တိုင်းရင်းသားလူငယ်များရဟန်းခံရှင်ပြုပွဲ ဟားခါးမြို့နယ်တွင် ကျင်းပ

ဟားခါး ဧပြီ ၃၀

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တိုင်းရင်းသား လူငယ်များ၏ သတ္တမအကြိမ်မြောက် ရဟန်းခံရှင်ပြုပွဲကို ဧပြီ၁ရက် နံနက်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ခွာရုံ သာသနာပြုကျောင်းတွင် ကျင်းပသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တတေဇောသာရထံမှငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဘုရားကန်တော့

ထို့နောက် ဟားခါးမြို့ ခွာရုံသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ(သဒ္ဓမ္မဇောတိကဓဇ)ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တိုင်းရင်းသားလူငယ်များ၏ ရဟန်းခံရှင်ပြုပွဲတွင် ရဟန်းသုံးပါး၊ရှင်သာမဏေ၄၄ပါး စုစုပေါင်း ၄၇ပါးဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများကသီပေါမြို့နယ် နမ့်လန်မြို့ ပြည်သူ့ဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ကောလင်းမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာညှိနှိုင်း

ကောလင်း မေ ၄

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၆ရက်ကမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက အမှာစကား ပြောကြားပြီး ကျေးလက်ဒေသစာပေဖွံ့ဖြိုးရေးအတွက် စာပေအင်အားစုများက ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ စာပေပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရေး၊ စာအုပ်စာတမ်း၊ ဂျာနယ်၊ သတင်းစာများ စုဆောင်း၍ ကျေးလက်ဒေသသို့ စုပေါင်းလှူဒါန်းသွားရေးနှင့် ကျေးလက်စာကြည့်တိုက်များရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးကြသည်။ **(၀၂၆)**

အမြို့မြို့အနယ်နယ်သတင်းများ

ရေနံချောင်း၌ သက်ကြီးဂီတပညာရှင်များအား စုပေါင်းကန်တော့

ရေနံချောင်း ဧပြီ ၃၀

ရေနံချောင်းမြို့နယ်တွင် ဂီတသမား ညီအစ်ကိုမောင်နှမများက အသက် (၇၀)ကျော် ဂီတပညာရှင်ကြီးများအား စုပေါင်းကန်တော့ပွဲကို ဧပြီ၁၉ရက် ညနေ၅နာရီက ကျမ်းကိုင်ဘုရားတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါကန်တော့ခံပွဲသို့ ကန်တော့ခံ ဂီတပညာရှင်များဖြစ်ကြသော ဦးမှာ၊ ဦးတိုးမြင့်၊ ဦးညွန့်၊ ဦးထွန်းအုံ၊ ဦးကျော်၊ ဦးလှိုင်ကျော်၊ ဦးတင်လှိုင်၊ ရေနံသာစိုးလှိုင်၊ ဦးညွန့်၊ ဦးသန်းညွန့်၊ ဦးထင်နှင့် ဦးကျော်မြတို့ကတက်ရောက် အပူဇော်ခံကြကြောင်း သိရသည်။

(၂၉၇)

စစ်တွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သောနွေရာသီအခြေခံစက်ချုပ်သင်တန်းကို မတ်၂၄ရက်က ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်
၁၄-၅-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ပြင်ဦးလွင်မြို့မှ ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးရေး)

၁၁:၃၀ မေတို့တွက်တာ လုကမ္ဘာ (နွေအပူအန်တုဖို့ချည်သား ရောင်စုံလေးများနှင့် အလှဆင်စို့)

၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သူဝေးဝေး သွားပါနဲ့လားကွယ်
(၂) တစိမ်းလောက်မှ မကြင်နာတော့ဘူးလား
(၃) မိမာယာရဲ့ အလှတောမှာ

၁၂:၀၀ ကလေးများအတွက်ပုံပြင် (ကောက်သမျှကို ဖြောင့်ပစ်မည်)

၁၂:၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (တိမ်စင်သည့်လ)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ရုပ်လုံးရုပ်တုအနုပညာ-သာရဝေါစိုးကြည်)

ညနေပိုင်း

၁၇:၀၀ ဟာဒယရွှင်ဆေး (နေကျော်၊ ဒီလုံး၊ ကစ်ကစ်တို့၏ ဟာဒယရွှင်ဆေး)

၁၇:၁၅ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မင်းကောင်းအနော်ရထာ) (ဒေါက်တာကြည်-ဘီအေ)

၁၇:၃၀ တေးရေးသူအကြိုက် (ဂီတစာဆို စိုးထွဋ်ခိုင်)

၁၉:၁၅ အသံလွှင့်ဇာတ် (အစ၏နိဂုံး အဆုံး၏နိဒါန်း) (အကယ်ဒမီညွန့်ဝင်း၊ အကယ်ဒမီခင်သန်းနု၊ ထူးသာ)

၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working °Knowledge

ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စံပယ်လှလှပန်ပြပါ
(၂) တူနှစ်ကိုယ်
(၃) တစ်ရွာသားအချစ်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်(၄)ရပ်ကွက် အခန်း(ဂျီ-၅) အမှတ် ၅၃၂/၅၄၂ နေ ဟိန်းဇော်အား ရည်စူး၍ မစိုးမြတ်ကလျာကအလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဆရာဇော်ဂျီရာပြည့်အထိမ်းအမှတ်ကျင်းပရေး ဖျာပုံမြို့၌ ညှိနှိုင်းစည်းဝေး၊ ရှေ့လုပ်ငန်းစဉ်များသတ်မှတ်

ဖျာပုံ မေ ၁၀

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် ကျင်းပရေးညှိနှိုင်း အစည်းအဝေးကို မေ ၆ ရက် မွန်းလွဲပိုင်းက ဖျာပုံမြို့ ချောင်းတွင်းလမ်းမရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ပိုင် ဇော်ဂျီခန်းမတွင် ကျင်းပသည်။

အဖွဲ့ဝင်များတက်ရောက်

အစည်းအဝေးတွင် ရာပြည့်အထိမ်းအမှတ် ကျင်းပရေးနာယက ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် နာယကအဖွဲ့ဝင်များ၊ ရာပြည့်ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစံဦးနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဒေါက်တာစံဦးကအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး ရာပြည့်ကျင်းပရေးအလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးမြင့်အောင်(ဖိုးအောင်လေး) က ရာပြည့်ကျင်းပရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ရာပြည့်အထိမ်းအမှတ် ကျင်းပရေးနာယက ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဆရာဇော်ဂျီရာပြည့် အထိမ်းအမှတ်အဖြစ် ဆရာဇော်ဂျီ ကြေးရုပ်တု၊ ဆရာဇော်ဂျီလမ်း၊ ဆရာဇော်ဂျီစာကြည့်တိုက်များ ဖြစ်မြောက်ရေးနှင့် လိုအပ်သည့်မြေနေရာရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်အကြံပြုဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၁၅၈)

ပုသိမ်မြို့ ရွှေပြည်သာ ဈေးသူဈေးသားများက အမှတ်(၃)ရပ်ကွက်သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိစာသင်တိုက်ရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ အလှူငွေကျပ် ၁၀၁၃၀၀ ကို ဈေးသူဈေးသားများကိုယ်စား ဥက္ကဋ္ဌ ဦးကျော်မြနှင့် စာရင်းကိုင် ဦးသန်းမောင်(ခ) ဦးရှောက်လုံးတို့က ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစိုင်းနှင့်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မိုးစပါးစိုက်ပျိုးရန် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေး

ရေစကြို မေ ၃

မကွေးတိုင်း ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဧပြီ ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ရေစကြိုမြို့နယ်(၈၉)အုပ်စုမှ စာရေးဝန်ထမ်းများ တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းရာတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်က မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်ရန် တောင်သူဦးကြီးများ၏ လိုအပ်ချက်များကို တွေ့ဆုံပြီး ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် ကုန်းပိုင်းမှလည်း လိုအပ်သော မြေအနေအထားပြည့်ကျော်လျှင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသွားကြရန် ညှိနှိုင်းဆွေးနွေးကြသည်။ (၂၅၁)

မော်လမြိုင်ကျွန်း၌ တိ-နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

မော်လမြိုင်ကျွန်း မေ ၄

မော်လမြိုင်ကျွန်းမြို့နယ်တွင် တိ-နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ရာသက်ပန်ဆွမ်းအလှူတော်ငွေ လှူဒါန်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ ရွှေမြန်မာ(လယ်ယာသုံးပစ္စည်းအရောင်းဆိုင်)ပထမထပ်၌ ကျင်းပရာ တိ-နိ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ရွှေရတုတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရနှင့် ဒွိပိဋကဓရ ဘဒ္ဒန္တသီလာစာရတို့ထံ ဆွမ်းဆန်တော်အိတ် ၁၇၀ နှင့် ရာသက်ပန် ဆွမ်းအလှူငွေကျပ် ၁၀သိန်းကို မော်လမြိုင်ကျွန်းပေါ်နှင့် ကျွဲတလင်း ကျေးရွာအလှူရှင်များ ကိုယ်စား ဦးသောင်းညွန့်-ဒေါ်တင်ကြည်(ရွှေမြန်မာလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) မိသားစုက ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တိ-နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲများကို ဧပြီ ၂၈ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ဝကျေးရွာတွင် အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၈၀ ကိုလည်းကောင်း၊ ဧပြီ ၃၀ ရက်က လပွတ္တာမြို့နယ်အလယ်ရေကျော်ကျေးရွာအလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀ ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ (၀၉၇)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ ရွှေဘိုမြို့၌ ထူးချွန်သူများအား ဆုများချီးမြှင့်

ရွှေဘို မေ ၉

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးသိန်းထွန်းဦးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ စက်ကြီးပြိုင်ပွဲတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာဈေးကြီးမီးသတ်တပ်ဖွဲ့က ပထမ၊ အမှတ်(၄)ရပ်ကွက်က ဒုတိယ၊အမှတ်(၉)ရပ်ကွက်က တတိယ၊ စက်ကလေးပြိုင်ပွဲတွင် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးဈေးကြီးမီးသတ်တပ်ဖွဲ့က ပထမ၊ အမှတ်(၄) ရပ်ကွက်က ဒုတိယ၊အမှတ် (၉) ရပ်ကွက်က တတိယ၊ လက်နက်မဲ့စစ်ရေးပြ ပြိုင်ပွဲတွင် အမှတ်(၇)ရပ်ကွက်က ပထမ၊ အမှတ်(၉)ရပ်ကွက်က ဒုတိယ၊ အမှတ်(၄)ရပ်ကွက်က တတိယနှင့် အခြေခံမီးသတ်ပညာသင်တန်း (၂၉/၂၀၀၅) သေနတ်ပစ် ထူးချွန်ဆုရ ဒီပဲယင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးမြင့်တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-မန္တလေး လမ်းဆောင်ဝဲယာ တစ်လျှောက်တွင် မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဧပြီ ၂၄ ရက်က တာဝန်ခံအင်ဂျင်နီယာ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီး သတိပြု

ညောင်ဦး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးဆွေးနွေး

ညောင်ဦး မေ ၆

ညောင်ဦးမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးအတွက် ညောင်ဦးခရိုင် ဦးစီးအရာရှိ ဒေါ်တင်မြလွင်သည် ရုပ်သံကျွမ်းကျင်(၃) (စာကြည့်တိုက်တာဝန်) ဒေါ်အေးအေးမူနှင့်အတူ မေ ၁ ရက်က ကောင်းညိုကျေးရွာ ရောင်ခြည်လင်း စာကြည့်တိုက်နှင့် ဒဟတ်ကန်ကျေးရွာ နေလစာကြည့်တိုက်တို့သို့ သွားရောက်ပြီး စာကြည့်တိုက် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာအုပ်၊ စာစောင်များ တိုးပွားရေး၊ စာအုပ်စာဖတ်ပရိသတ်နှင့် စာဖတ်ပရိသတ်တိုးတက်ရေး၊ စာကြည့်တိုက်တစ်ခု တည်ထောင်ဖွင့်လှစ်ရာတွင် လိုအပ်သည့်အခြေခံမှုများ ပြည့်စုံရေးတို့ကို အကြံပြုဆွေးနွေးပြီး စာကြည့်တိုက်လုပ်ငန်းအောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြသည်။

ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုညွန့်နှင့် အဖွဲ့ဝင် ဦးပေါ်ကာတို့က ကောင်းညိုကျေးရွာနှင့် ဒဟတ်ကန်ကျေးရွာတို့၌ စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူထားရှိမှုအခြေအနေနှင့် ဒဟတ်ကန်ကျေးရွာ နေလစာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၅-၅-၂၀၀၆ (တနင်္လာနေ့)

- ❑ ALPHABET (အက္ခရာ)
  - ပထမနှစ် မြန်မာစာ၊ ဒဿနိကဗေဒ၊ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ အကြောက်လွန် တုံ့ပြန်မှု (Phobic reaction)
  - တတိယနှစ်စိတ်ပညာ အထူးပြုကျောင်းသား၊ ကျောင်းသူများ
- ❑ Application of Maxwell's Equations
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၆-၅-၂၀၀၆ (အင်္ဂါနေ့)

- ❑ National Unification of Myanmar by Alungmintaya
  - တတိယနှစ် သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများ
- ❑ Introduction to the Study of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Continuous
  - တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၇-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Systematic Position and External Features of Mystus Seenghala (Nga-gyaung)
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Charactreistics of the Invertebrates
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Beneficial and Harmful Insects
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၈-၅-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Digestive System of Ranatigrina
  - ဒုတိယနှစ်သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Migration of fish
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၉-၅-၂၀၀၆ (သောကြာနေ့)

- ❑ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ
  - ပ+ဒု+တနှစ်(နေ့+အဝေးသင်) မြန်မာစာ ကျောင်းသား၊ ကျောင်းသူများ
- ❑ ဇရာဝတီမြစ်
  - ပ+တနှစ်(နေ့+အဝေးသင်) ပထဝီဝင် ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၀-၅-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၁-၅-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ချမ်းအေးသာစံမြို့နယ်၌ကျင်းပ

နေပြည်တော် မေ ၁၂

မန္တလေးတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းနှင့် ခရိုင်နှင့် မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာနိုင်ငံ မြေပြင်မိုးလေဝသမြေပုံကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက မေ ၁၂ ရက်၌ ထုတ်ပြန်ထားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံး၌ မိုးပုံမှန်ရွာသွန်းမည် ရာသီဥတုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ချုပ်က မြန်မာ့အလင်းသို့ ခန့်မှန်းပြောကြား



ယခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့် ပတ်သက်၍ ကွန်ပျူတာပေါ်မှ မိုးလေဝသနှင့် ပတ်သက်သော ဓာတ်ပုံများကို ရှင်းလင်းပြောကြားနေသည့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၂

မိုးရာသီရောက်ရှိရန် လက်တစ်ကမ်းသာ လိုတော့သည်။ မိုးအကူး ရာသီဦးတွင် ကောင်းကင်၌ မိုးသားတို့တက်ကာ မှိုင်းတစ်ခါ လင်းတစ်လှည့် ဖြစ်လာသည်။ ရာသီအကူးအပြောင်းနှင့် ယခုနှစ် မိုးရာသီကာလအတွင်း မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေနှင့် မိုးရွာသွန်းမှုအခြေအနေများကို ပြည်သူများသိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ရာသီအကူးအပြောင်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က "ယခုရက်ပိုင်းအတွင်း မုတ်သုံဝင်တော့မည်ဖြစ်ကြောင်း၊ ပုံမှန် မေ ၅ ရက်ခန့်တွင် စတင်ဝင်ရောက်ရမည်ဖြစ်သော်လဲ အနည်းငယ် နောက်ကျခဲ့ကြောင်း" ရှေးဦးစွာ ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဒေသအလိုက် မုတ်သုံဝင်ရောက်မည့်အချိန်ကို မေးမြန်းရာ "အခု မေ ၁၄ ရက်နဲ့ ၁၅ ရက်လောက်မှာ မြန်မာနိုင်ငံ တောင်ပိုင်း၊ မေ ၂၀ နဲ့ ၂၅ ရက်မှာ မြစ်ဝကျွန်းပေါ်ဒေသ၊ မေလနောက်ဆုံးသီတင်းပတ်မှာ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မေလကုန်နဲ့ ဇွန်လဆန်းမှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွေမှာ မုတ်သုံဝင်ပြီး မိုးရွာတော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့အပြင် မုတ်သုံအဝင်ကာလတွင် လေထုမငြိမ်မသက်ဖြစ်တတ်ရာ မိုးတိမ်တောင်များ

စာမျက်နှာ ၆ ကော်လံ ၁ ❐

ပြည်သူလူထု၏ဆန္ဒကို လျစ်လျူရှုပြီး NLD ထိပ်ပိုင်းလူနည်းစုအချို့၏သဘောဖြင့် အမျိုးသားညီလာခံမှထွက်ခွာခဲ့ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးဦးတည်နေ ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးတင်မောင်ဝေ(ဥက္ကဋ္ဌ)၊ ဦးသန်းညွှန့်(ဒုတိယဥက္ကဋ္ဌ)၊ ဦးဘဦး(ဒုတိယဥက္ကဋ္ဌ)၊ ဦးသန်းအောင်ခိုင်(အတွင်းရေးမှူး)၊ ဦးတင်အုန်း (တွဲဖက်အတွင်းရေးမှူး)၊ ဦးမောင်မောင်(ဘဏ္ဍာရေးမှူး)၊ ဦးဖြိုးသန်း(လူမှုအထောက်အကူပြု)၊ ဦးကျော်သန်း(လူငယ်ရေးရာအဖွဲ့ခေါင်းဆောင်)၊ ဦးမြင့်စိုး(မြို့နယ်စည်းရုံးရေးမှူး)၊ ဒေါ်ကြည်စန်း(မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)၊ ဒေါ်လှရွှေ(မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)နှင့် ဒေါ်မြသန်း (မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)တို့ ၁၂ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို စုပေါင်းလက်မှတ်ရေးထိုးပြီး

စာမျက်နှာ ၉ ကော်လံ ၅ ✡

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အကြိုဗိုလ်လုပွဲစဉ်များ ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-ကိုထွေး
ဓာတ်ပုံ-(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များကို မေ ၁၃ ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ယနေ့ယှဉ်ပြိုင် ထိုးသတ်ကြမည့် ကိုယ်အလေးချိန် အတန်းအလိုက် အကြိုဗိုလ်လုပွဲစဉ်များမှာ

စာမျက်နှာ ၁၂ ကော်လံ ၁ ●

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို အကြိုဗိုလ်လုပွဲစဉ်၌ ထွန်းထွန်း(ဒေါနခြေလှမ်းသစ်)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် ရန်ကြီးအောင်(အလင်းရောင်)။
(မြန်မာ့အလင်း)